# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# ဒသမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မောက်မယ်မြို့နယ်၊ ဆီဆုံရပ်ကွက်ရှိ ရှေးဟောင်းမောက်စံ ဘုန်းတော်ကြီးကျောင်းကို ရှေးဟောင်း အဆောက်အအုံ ပစ္စည်းအဖြစ် အသိအမှတ်ပြု၍ ရှေးမူမပျက်ပြုပြင် မွမ်းမံပေးနိုင်မည့်အစီအစဉ်များ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရား အနီးပတ်ဝန်းကျင်တွင် ရှိနေသော ကုန်းဘောင်ခေတ် ဘုရင့်ဆွေတော် မျိုးတော်များ၏ အုတ်ဂူသင်္ချိုင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော မူလတန်းကျောင်းများရှိ ဘွဲ့ရအထွေထွေလုပ်သား များသည် မူလတန်းပြအဖြစ် ရာထူးတိုးပေးရန် သို့မဟုတ် ပညာရေးကောလိပ်သို့ တက်ရောက်ခွင့်ပြုပြီး မူလတန်းပြ ဆရာအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | မြန်မာနိုင်ငံတွင် ဖွင့်လှစ်သင်ကြားနေသော ပြည်တွင်းကျောင်းများ ပြည်ပနိုင်ငံဆက်နွယ်ကျောင်းများ စစ်မှန်မှုနှင့် ခွင့်ပြုသက်တမ်းရှိ/မရှိကို မည်သည့်ဌာနမှ စိစစ်ခွင့်ပြုပေးပါသနည်း၊ ကောလိပ်၊ စင်တာ၊ သင်တန်း၊ Training, Institute School, Programme ဘွဲ့ကြို သင်တန်း စသည့် အဆင့်သတ်မှတ် ချက်များကို မည်သို့ထားရှိပါသနည်း၊ ကျောင်းအဆင့်အတန်းနှင့် ၎င်းတို့ပေးသော ဘွဲ့လက်မှတ်များ Certificate ဘွဲ့၊ ဒီပလိုမာများကိုလည်း မည်သည့်ဌာနမှ အဆင့် အတန်းပြည့်မီမှုရှိ/မရှိ စိစစ်ပေး ပါသနည်း၊ ပြည်ပနိုင်ငံ ဆက်သွယ် ကျောင်းများမှ ပေးသောဘွဲ့ကို ၎င်းနိုင်ငံရှိ ပင်မကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ အသိအမှတ်ပြု ပေးခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် | ၁၂ |

| | | |
|---|---|---|
| | မေးခွန်း | |
| ၉ | ချောက်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ တစ်ထပ်ဆောင်မှာ အန္တရာယ်ဆောင် ဖြစ်နေပါသဖြင့် ဖျက်သိမ်းပြီး (၁၄၀ ပေ x ၃၀ ပေ) RC နှစ်ထပ်ဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၁၀ | မြန်မာနိုင်ငံတွင် ခေတ်မီအဆင့်မီ စာကြည့်တိုက်အမျိုးမျိုး ထူထောင်ရန်အတွက် အဆင့်မီကျွမ်းကျင်သော အရည်အချင်းရှိ စာကြည့်တိုက်မှူးများနှင့်ဝန်ထမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးရန်၊ ကျောင်းစာကြည့်တိုက်များတွင် ကျွမ်းကျင်အရည်အချင်းရှိ စာကြည့်တိုက်မှူးများ ခန့်ထားပေးရန်နှင့် ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအတွက် ယခုထက်အကျိုးရှိအောင် ပြည်ထောင်စုအစိုးရ မှ စီမံဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၁ | သက်တမ်း ၅၆ နှစ်ကြာမြင့်နေပြီဖြစ်သော အ.မ.က(ကြူတော) ကျောင်းဆောင်ဟောင်းအား မွမ်းမံပြင်ဆင်ပေးရန်နှင့် ကျောင်းဆောင်စာသင်ခန်းနှင့် ကျောင်းသားဦးရေ လွတ်လပ်မျှတစွာတန်းခွဲစနစ်ဖြင့် သင်ကြားနိုင်ရေးအတွက် (၆၀ ပေ x ၃၀ ပေ)တိုးချဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ချထား ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၂ | ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း | ၂၇ |
| ၁၃ | ကော်မတီမှ တာဝန်ယူစောင့်ကြည့်ထိန်းသိမ်းရေး ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများ | ၂၉ |
| ၁၄ | ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၄၆ |
| ၁၅ | ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း | ၄၇ |
| ၁၆ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း | ၄၈ |
| ၁၇ | ဆောက်လုပ်ရေးဝန်ကြီးက တင်သွင်းသည့်မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် | ၅၄ |

အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်
စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

၁၈ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၅၄
ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့
ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၅-၁၂-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ် ဆီဆုံရပ်ကွက်ရှိ ရှေးဟောင်း မောက်စံဘုန်းတော်ကြီးကျောင်းကို ရှေးဟောင်း အဆောက်အအုံပစ္စည်းအဖြစ် အသိအမှတ်ပြု၍ ရှေးမူမပျက် ပြုပြင်မွမ်းမံပေးနိုင်မည့် အစီအစဉ်များ သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **ရန်ကုန်မြို့၊ ငါးထပ်ကြီး ဘုရားအနီးပတ်ဝန်းကျင်တွင် ရှိနေသော ကုန်းဘောင်ခေတ် ဘုရင့်ဆွေတော်မျိုးတော်များ၏ အုတ်ဂူသင်္ချိုင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော မူလတန်းကျောင်းများရှိ ဘွဲ့ရ အထွေထွေလုပ်သားများသည် မူလတန်းပြအဖြစ် ရာထူးတိုးပေးရန် သို့မဟုတ် ပညာရေးကောလိပ်သို့ တက်ရောက်ခွင့်ပြုပြီး မူလတန်းပြဆရာအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ဖွင့်လှစ်သင်ကြားနေသော ပြည်တွင်းကျောင်းများ ပြည်ပနိုင်ငံဆက်နွယ်ကျောင်းများ စစ်မှန်မှုနှင့် ခွင့်ပြုသက်တမ်း ရှိ၊ မရှိကို မည်သည့်ဌာနမှ စိစစ်ခွင့်ပြုပေးပါသနည်း၊ ကောလိပ်၊ စင်တာ၊ သင်တန်း၊ Training, Institute School, Programme ဘွဲ့ကြိုသင်တန်းစသည့် အဆင့်သတ်မှတ်ချက်များကို မည်သို့ ထားရှိပါသနည်း၊ ကျောင်းအဆင့်အတန်းနှင့် ၎င်းတို့ပေးသော ဘွဲ့လက်မှတ်များ Certificate၊ ဘွဲ့၊ ဒီပလိုမာများကိုလည်း မည်သည့်ဌာနမှ အဆင့်အတန်း ပြည့်မီမှု ရှိ၊ မရှိ စိစစ်ပေးပါသနည်း၊ ပြည်ပနိုင်ငံဆက်သွယ်ကျောင်းများမှ ပေးသောဘွဲ့ကို ၎င်းနိုင်ငံရှိ ပင်မကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ အသိအမှတ် ပြုပေးခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၏ **ချောက်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ တစ်ထပ်ဆောင်မှာ အန္တရာယ်ဆောင်ဖြစ်နေပါသဖြင့် ဖျက်သိမ်းပြီး(၁၄၀ ပေ× ၃၀ပေ) RC နှစ်ထပ်ဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ခေတ်မီအဆင့်မီ စာကြည့်တိုက် အမျိုးမျိုးထူထောင်ရန်အတွက် အဆင့်မီ ကျွမ်းကျင်သော အရည်အချင်းရှိ စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးရန်၊ ကျောင်းစာကြည့်တိုက်များတွင် ကျွမ်းကျင်အရည်အချင်းရှိ စာကြည့်တိုက်မှူးများ ခန့်ထားပေးရန်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအတွက် ယခုထက်အကျိုးရှိအောင် ပြည်ထောင်စုအစိုးရမှ စီမံဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **သက်တမ်း(၅၆)နှစ် ကြာမြင့်နေပြီဖြစ်သော အ.မ.က (ကြူတော) ကျောင်းဆောင်ဟောင်းအား မွမ်းမံပြင်ဆင်ပေးရန်နှင့် ကျောင်းဆောင်စာသင်ခန်းနှင့် ကျောင်းသားဦးရေ လွတ်လပ်မျှတစွာ တန်းခွဲစနစ်ဖြင့် သင်ကြားနိုင်ရေးအတွက် (၆၀ ပေ × ၃၀ ပေ) တိုးချဲ့ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်ချထားပေးနိုင်ခြင်း ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၉။ ဆောက်လုပ်ရေးဝန်ကြီးဌာနက **"မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၁၀။ **"မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## ဒသမနေ့မှတ်တမ်း

### ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်
### (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)
### (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၇၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၇၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များ ကတော့-

(၁) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၂) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၃) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၄) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊
(၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊
(၆) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၇) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်၊
(၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊
(၉) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊
(၁၀) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊
(၁၁) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၃ ရက်၊
(၁၂) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၃ ရက်၊
(၁၃) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၇ ရက်၊
(၁၄) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၃ ရက်၊
(၁၅) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၁၆) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၃ ရက်၊
(၁၇) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၃ ရက်၊
(၁၈) မြောင်မဲဆန္ဒနယ်မှ ဦးဒွေးငွေ ခွင့် ၃ ရက်၊

(၁၉) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၂၀) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၂၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၂၂) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၃ ရက်၊
(၂၃) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊
(၂၄) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၃ ရက်၊
(၂၅) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၃ ရက်၊
(၂၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊
(၂၇) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊
(၂၈) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်နှင့်
(၂၉) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မောက်မယ်မြို့နယ်၊ ဆီဆုံရပ်ကွက်ရှိ ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်းကို ရှေးဟောင်းအဆောက်အအုံပစ္စည်းအဖြစ်အသိအမှတ်ပြု၍ ရှေးမူမပျက်ပြုပြင်မွမ်းမံပေးနိုင်မည့်အစီအစဉ်များ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော်တို့မောက်မယ်မြို့နယ်မှာရှိတဲ့ ရှေးဟောင်းသမိုင်းဝင် မောက်စံဘုန်းတော်ကြီးကျောင်းနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မောက်မယ်မြို့နယ်တွင် ဆီဆုံရပ်ကွက်အတွင်း၌ သက်တမ်းကြာမြင့်ပြီဖြစ်သော ရှေးဟောင်းသမိုင်းဝင်ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ကျောင်းအမည်ကို ယနေ့အချိန်ထိတိုင် မောက်စံဘုန်းတော်ကြီးကျောင်းဟုခေါ်တွင်လျက် ကျောင်းထိုင်ကိုယ်တော်အဆက်ဆက်ဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ပါတယ်။ မှတ်တမ်းများအရ နှစ်ပေါင်း ၁၀၀ ကျော်တမ်းဝင် ဘုန်းကြီးကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။ သမိုင်းဝင်ပေစာ၊ ပုရပိုက်စာများကို ယနေ့ထိတိုင်သိမ်းဆည်းထားနိုင်ခဲ့ပါတယ်။ သို့ရာတွင် နှစ်ကာလကြာညောင်းလာပြီ ဖြစ်သဖြင့် အဖက်ဖက်မှပျက်စီးယိုယွင်းမှုများပေါ်ပေါက်လာပါတယ်။ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဒေသတွင်းအလှူရှင်များ၊ ဒေသခံပညာရှင်များဖြင့်သာ ဖြေရှင်းနိုင်ပါတယ်။ ဤမောက်စံဘုန်းတော်ကြီးကျောင်းကြီးကို သမိုင်းပညာရှင်သုတေသီများ၊ တက္ကသိုလ်လေ့လာရေးခရီးစဉ်များ လာရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခရီးစဉ်တွင်လည်း သမိုင်းဝင်အမွေအနှစ်တစ်ခုအဖြစ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သင့်ကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေအရ ၁၈၈၆ ခုနှစ်မတိုင်မီကတည်းက တည်ရှိခဲ့သော အဆောက်အအုံများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရှေးဟောင်းအဆောက်အအုံပစ္စည်းများအဖြစ် သတ်မှတ်ထားကြောင်းလည်း သိရှိရပါတယ်။ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ဤမောက်စံဘုန်းတော်ကြီးကျောင်းကို ရှေးဟောင်းအဆောက်အအုံအဖြစ် စာရင်းသွင်း၍ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းများကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ သမိုင်းဝင်အမွေအနှစ်တစ်ခုဖြစ်သော မောက်မယ်မြို့နယ်၊ ဆီဆုံရပ်ကွက်ရှိ ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်းကို ရှေးဟောင်းအဆောက်အအုံပစ္စည်းအဖြစ် အသိအမှတ်ပြု၍ ရှေးမူမပျက်ပြုပြင်မွမ်းမံပေးနိုင်မည့်အစီအစဉ်ကောင်းများ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးကြည်မင်း ဖြစ်ပါတယ်။ ယနေ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားပါမှာဖြစ်ပါတယ်။ မေးခွန်းဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်ဆီဆုံရပ်ကွက်တွင်တည်ရှိသော မောက်စံဘုန်းကြီးကျောင်းဟာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၄၅ နှစ်ရှိပြီဖြစ်ခြင်း၊ ရှမ်းဓလေ့ရိုးရာ ဗိသုကာပညာဖြင့် ကုန်းဘောင်ခေတ်ခံ ရှားပါးသစ်သားကျောင်းတော်ကြီးဖြစ်ခြင်း၊ ဒေသခံရှမ်းတိုင်းရင်းသားနှင့် ပြည်နယ်၏ယဉ်ကျေးမှုဆိုင်ရာ စံပြဂုဏ်ယူဖွယ်ရာသစ်သားကျောင်းတော်ကြီးဖြစ်ခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၄ ပုဒ်မခွဲ(က)တို့နှင့်ညီညွတ်ပါသဖြင့်ဥပဒေအရ ရှေးဟောင်းအဆောက်အအုံအဖြစ် ကာကွယ်ထိန်းသိမ်းပြီးလည်းဖြစ်ပါတယ်။ ထို့အပြင်ဌာနမှထိန်းသိမ်းပြုပြင်သော ရှေးဟောင်းအဆောက်အအုံများစာရင်း(၂)ကိုလည်းပဲ ပြုစုလျက်ရှိပါတယ်။ အဆိုပါ အတွဲ(၂)ပြုစုပြီးတဲ့အခါမှာ အဆိုပါဘုန်းတော်ကြီးကျောင်းကို ထည့်သွင်းဖော်ပြပေးသွားမှာလည်းဖြစ်ပါတယ်။ မောက်စံဘုန်းကြီးကျောင်းကြီးကို ရှေးမူမပျက်ပြုပြင်မွမ်းမံနိုင်ရန်အတွက် ဌာနရဲ့ဦးစားပေးပြုပြင်မည့် အဆောက်အအုံစာရင်းမှာ လောလောဆယ်ဆယ်ပါဝင်ခြင်းမရှိသေးသောကြောင့်လည်းကောင်း၊ ဒေသအစီအစဉ်ဖြင့် ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်လိုပါကမိမိဝန်ကြီးဌာနမှ နည်းပညာအကူအညီပံ့ပိုးဆောင်ရွက်သွားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားအနီးပတ်ဝန်းကျင်တွင်ရှိနေသော ကုန်းဘောင်ခေတ် ဘုရင့်ဆွေတော်မျိုးတော်များ၏ အုတ်ဂူသင်္ချိုင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားအနီးမှာရှိတဲ့ ကုန်းဘောင်မင်းဆက် ဆွေတော်မျိုးတော်တို့ရဲ့ အုတ်ဂူသင်္ချိုင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ်

ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီးမှာ သီပေါမင်းနဲ့ မိဖုရား စုဘုရားလတ်တို့ကို အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်ထားခဲ့ပါတယ်။ သီပေါမင်းကတော့ ရတနာဂီရိမှာပဲ နတ်ရွာစံခဲ့ပါတယ်။ စုဖုရားလတ်ကိုတော့ ရန်ကုန်သို့ပြန်ပို့ခဲ့ပြီးတော့ ရန်ကုန်မှာပဲ နတ်ရွာစံခဲ့ပါတယ်။ ရွှေတိဂုံဘုရားရဲ့ တောင်ဘက်မှာ ဒီနေ့အချိန်ထိ စုဖုရားလတ်ရဲ့အုတ်ဂူရှိပါတယ်။ ဒါကို ဒီနေ့လူတိုင်းလည်း သိကြပါ တယ်။ ဒါပေမဲ့လို့ လူသိသူသိနည်းပါးနေတဲ့အချက်လေးတစ်ချက် ကျန်ပါသေးတယ်။ မန္တလေးမြို့ကို သိမ်းပိုက်ပြီးတဲ့နောက် အင်္ဂလိပ်တို့က သူတို့ကိုပြန်လည်ပြီးတော့ ရန်ပြုနိုင်တဲ့သူများကို ဖမ်းဆီး ပြီးတော့ ရန်ကုန်မြို့နဲ့ မြိတ်မြို့များသို့ ပို့ဆောင်ထားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ထိုမြို့များမှာ နေအိမ်အကျယ်ချုပ်တွေချထားပြီးတဲ့နောက် စောင့်ကြည့်အကဲခတ်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ မင်းတုန်းမင်း၊ သီပေါ မင်းစသည်တို့ရဲ့ ကုန်းဘောင်မင်းဆက်တို့ရဲ့ ဆွေတော်မျိုးတော်များဟာ အသက်တော်များကြီးရင့် ပြီးတော့ ရန်ကုန်မြို့နဲ့မြိတ်မြို့များမှာ ကန်တော်ကုန်ခဲ့ကြပါတယ်။ သူတို့ရဲ့ဂူသင်္ချိုင်းများဟာ ငါးထပ်ကြီးဘုရားအနီးတစ်ဝိုက်မှာရှိပါတယ်။ ဒါပေမဲ့လို့ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်မယ့်သူမရှိတော့ ဖြိုဖျက်ခြင်းခံရပြီး ပျောက်ကွယ်သွားခဲ့ရပါတယ်။ ပျောက်ကွယ်သွားခဲ့ တဲ့အုတ်ဂူများကတော့ ညောင်ရမ်းထိပ်တင်ကလေး၊ ညောင်အုပ်ထိပ်ရှင်တင်ကလေး၊ မင်းပင် မင်းသားကြီး၊ သုံးဆယ်ထိပ်တင်ကလေး၊ သရစိမ်းမိဖုရားကြီး၊ လင်းပန်မိဖုရား၊ သက်ပန်မိဖုရား၊ ကောလင်းမင်းသား၊ ကျပင်းမင်းသား၊ ပြိုင်တန်းထိပ်ခေါင်တင်၊ နောင်မွန်ထိပ်တင်ကလေးစတဲ့ စုစုပေါင်း အုတ်ဂူ ၁၁ လုံးဟာ လုံးဝမရှိတော့ပါဘူး။ အခုကျန်ရှိနေတဲ့အုတ်ဂူများဟာလည်းပဲ အိမ်ကြို အိမ်ကြားမှာ ရောက်ရှိနေပြီးတော့ မကြာမီပျောက်ကွယ်သွားရတော့မှာ စိုးရိမ်ရပါတယ်။ ကျေးဇူးပြု၍ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

အိမ်ကြိုအိမ်ကြားရောက်နေပုံဖြစ်ပါတယ်။ ဝမ်းနည်းစရာဖြစ်ပါတယ်။ ပုဆိုးလှမ်းတာက လှမ်းလို့ပါ။ ဆွေးမြည့်နေတဲ့အုတ်ဂူများဖြစ်ပါတယ်။ သေချာဖတ်ကြည့်လို့ရှိရင် ဂူရဲ့ပိုင်ရှင်ကို သိနိုင် ပါတယ်။ အိမ်ကြိုအိမ်ကြားရောက်နေပုံ၊ တံမြက်စည်းတွေထောင်ထားပုံတွေဖြစ်ပါတယ်။ အခုလည်း မြင်တဲ့အတိုင်းပါပဲ။ ဝမ်းနည်းစရာဖြစ်ပါတယ်။ ပျက်စီးယိုယွင်းနေတာကတော့ ပင်လယ်ထိပ်ခေါင်တင် ကြီးရဲ့ ဂူဖြစ်ပါတယ်။ မြင်နိုင်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့မြေမှာ ကျရှုံးခဲ့ရတဲ့ မဟာမိတ်စစ်သင်္ချိုင်းတွေကို မြန်မာနိုင်ငံမှာရှိနေတာကို သူတို့ကတောင်မှ တစ်မြတ်တစ်နိုးထိန်းသိမ်းထားပါတယ်။ ဥပမာအားဖြင့် ထောက်ကြံ့စစ်သင်္ချိုင်းနှင့် သရက်မြို့က တူရကီစစ်သင်္ချိုင်းတို့ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလိုမြန်မာတို့ရဲ့နောက်ဆုံးမင်းဆက်ကို တန်ဖိုးထားသော အားဖြင့် ကုန်းဘောင်မင်းဆက်ဆွေတော်မျိုးတော်များကို တန်ဖိုးထားသောအားဖြင့် ဒီအုတ်ဂူများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ထပ်လောင်း၍ ဂါရဝပြုနှုတ်ခွန်းသအပ်ပါတယ်။ ကျွန်တော် တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမင်းသိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးကြည်မင်းကနေပြီးတော့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ကုန်းဘောင်ခေတ်ဘုရင့်ဆွေတော်မျိုးတော်များရဲ့ အုတ်ဂူသင်္ချိုင်းဟာ ရန်ကုန်မြို့ငါးထပ်ကြီးနားအနီး စာအုသွင်ရဲ့တန်ဆောင်းလှေကားဘေးတွင်တည်ရှိပြီး မြန်အောင်ကျောင်းတိုက်နှင့်ကပ်လျက် ကျိုက်ထီးရိုးစေတီကျောင်း၊ ဝဲပြန်စာသင်တိုက်ရဲ့မျက်နှာချင်းဆိုင်မှာတည်ရှိပါတယ်။ ကုန်းဘောင်ခေတ်ဘုရင့်ဆွေတော်မျိုးတော်များရဲ့ အုတ်ဂူသင်္ချိုင်းမှာ အုတ်ဂူပေါင်းအလုံး ၂၀ ရှိပြီး ပြည်ထဲရေးဝန်ကြီးဟောင်းဖြစ်တဲ့ စာအုသာရဲ့ အုတ်ဂူအပါအဝင်ဆွေးတော်မျိုးတော်များရဲ့ အုတ်ဂူခြောက်လုံးနှင့် ကျန်အုတ်ဂူများမှာ ပြင်ပပုဂ္ဂိုလ်များရဲ့ အုတ်ဂူများဖြစ်ကြပါတယ်။ ဆွေတော်မျိုးတော်များရဲ့ အုတ်ဂူခြောက်လုံးအနက် မင်းတုန်းမင်းတရားကြီးရဲ့ သမီးတော်၊ မင်းတပ်ထိပ်ခေါင်တင်ရဲ့ အုတ်ဂူဟာ ဘုံဆင့်ကနုတ်ပန်းပါအုတ်ပြာသာဒ်ဂူဖြစ်ပြီး ကျန်အုတ်ဂူများမှာ မည်သည့်လက်ရာမှ ပါရှိခြင်းမရှိတဲ့ အုတ်ဂူများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကုန်းဘောင်ခေတ်ဘုရင့်ဆွေးတော်မျိုးတော်များရဲ့ အုတ်ဂူခြောက်လုံးနဲ့ပတ်သက်လို့ Power Slide ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ဆွေတော်မျိုးတော်များရဲ့ အုတ်ဂူခြောက်လုံးမှာရှိတဲ့ ကမ္ပည်းစာပါအချက်အလက်များနှင့်အတိုင်းအတာများကို ဆက်လက်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်ခင်ဗျား။ (၁) မင်းတုန်းမင်းတရားကြီးရဲ့သမီးတော်မင်းတပ်ထိပ်ခေါင်တင်ဟာ ၁၉၆၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ သက်တော် ၁၀၃ နှစ်မှာကွယ်လွန်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အုတ်ဂူရဲ့သက်တမ်းဟာ ၅၂ နှစ်ခန့် ရှိနေပြီဖြစ်ပါတယ်။ (၂)ဖြစ်တဲ့ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးရဲ့မြေးတော် ပင်လယ်ထိပ်ခေါင်တင်ကြီးဟာ ၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် သက်တော် ၈၁ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ အကြမ်းအားဖြင့် အုတ်ဂူရဲ့သက်တမ်းဟာ ၆၃ နှစ်ရှိနေပြီဖြစ်ပါတယ်။ (၃)ဖြစ်တဲ့ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးရဲ့မြေးတော် သုသီရိနန္ဒသတီ(ခ)ပင်လယ်ထိပ်ခေါင်တင်ကလေးဟာ ၁၃၂၂ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် သက်တော် ၈၃ နှစ်မှာ ကွယ်လွန်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အုတ်ဂူရဲ့သက်တမ်းဟာ ၅၈ နှစ်ခန့် ရှိပြီဖြစ်ပါတယ်။ (၄)ဖြစ်တဲ့ အိမ်ရှေ့မင်းတရားကြီးရဲ့မြေးတော် မြင်းမူထိပ်ခေါင်တင်ဘုရားရဲ့သားတော် မောင်မောင်ထိပ်တင်ဟာ ၁၃၁၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့မှာ သက်တော် ၈၀ ချိန်မှာ ကွယ်လွန်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အုတ်ဂူရဲ့သက်တမ်းဟာ ၆၇ နှစ်ခန့်ရှိပြီဖြစ်ပါတယ်။ (၅)ဖြစ်တဲ့ ညောင်အုပ်မင်းသမီးထိပ်တင်ချိုဟာ ၁၃၀၀ ပြည့်၊ နတ်တော်လဆန်း ၄ ရက်နေ့မှာ သက်တော် ၅၁ နှစ်အရွယ်မှာ ကွယ်လွန်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အုတ်ဂူရဲ့သက်တမ်းဟာ အနှစ် ၈၀ ခန့်ရှိပြီဖြစ်ပါတယ်။ (၆)ဖြစ်တဲ့ မင်းတုန်းမင်းတရားကြီးရဲ့မြေး ညောင်အုပ်မင်းသားကြီးရဲ့သမီး ညောင်အုပ်ထိပ်တင်စိုးဟာ ၁၃၁၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် သက်တော် ၄၇ နှစ်အရွယ်မှာ

ကွယ်လွန်ခဲ့တဲ့အတွက်ကြောင့်မို့လို့ အုတ်ဂူရဲ့သက်တမ်းဟာ ၆၉ နှစ်ရှိပြီဆိုတာကို စိစစ်တွေ့ရှိရပါတယ်။ ဘုရင့်ဆွေတော်မျိုးတော်များရဲ့ အုတ်ဂူခြောက်လုံးကို လွန်ခဲ့သော ၁၈ နှစ်ခန့်က မည်သူမျှ လာရောက်ပြုပြင်ခြင်းမရှိခဲ့သော်လည်း ယခုနှစ် သီတင်းကျွတ်လပြည့်နေ့မတိုင်မီ လွန်ခဲ့သောတစ်လခန့်က အောက်မြန်မာပြည် ဆွေတော်မျိုးတော်အသင်းမှ လာရောက်၍ ယိမ်းယိုင်နေသော အုတ်ဂူများ တည့်မတ်ခြင်း၊ ဆေးဖြူသုတ်ခြင်းစသည့် ထိန်းသိမ်းပြုပြင်မှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ဘုရင့်ဆွေတော်မျိုးတော်များရဲ့အုတ်ဂူများ ထိန်းသိမ်းခြင်းနဲ့ပတ်သက်၍ ဆွေတော်မျိုးတော်များအသင်းမှ ဆောင်ရွက်ခြင်းမှာ သင့်လျော်ပါကြောင်းနဲ့ ဌာနအနေဖြင့်မူ ဗိသုကာတန်ဖိုး၊ သမိုင်းတန်ဖိုး၊ အနုပညာလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးမြင့်မားတဲ့ ရှေးဟောင်းအဆောက်အဦများကို ဦးစားပေးထိန်းသိမ်းနေရသဖြင့် ဆွေတော်မျိုးတော်များ၏ အုတ်ဂူများအား ထိန်းသိမ်းရန်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ ကျန်ရစ်နေတဲ့ အုတ်ဂူခြောက်လုံးဟာ နောက်ဆုံး မပျောက်မပျက်ဘဲကျန်နေတဲ့ လက်ကျန်အုတ်ဂူလေးတွေဖြစ်ပါတယ်။ ဒီဂူခြောက်လုံးကလည်း အတိုင်းအတာကိုကြည့်လိုက်တဲ့အခါမှာ ထုထည်အားဖြင့် ကြီးကြီးမားမား မဟုတ်ပါဘူး။ ဘာမှမပြောပလောက်တဲ့အုတ်ဂူလေးတွေဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ နိုင်ငံတော်ဘတ်ဂျက်ကနေ ငွေကြေးမြောက်မြားစွာလည်းပဲ အကုန်အကျခံပြီးတော့ ထိန်းသိမ်းစရာမလိုပါဘူး။ သံဆူးကြိုးလေး လေးဘက်လောက်ကာ၊ သွပ်မိုးလေးမိုး၊ ဆေးကလေးပြန်သုတ် ဒုတိယဝန်ကြီးဖြေသွားသလိုပဲ ဗိသုကာတန်ဖိုး၊ အနုပညာတန်ဖိုးရှိတဲ့ အဆောက်အဦကြီးများမဟုတ်သော်လည်းပဲ ဇာတိမာန်တန်ဖိုးတော့ရှိနေတာကို သတိပြုစေချင်ပါတယ်။ ယခင်တုန်းကလည်း ထိန်းသိမ်းမှုမရှိခဲ့တဲ့အတွက်ကြောင့် ကျွန်တော် ခုနတုန်းကတင်ပြခဲ့တဲ့ ဂူ ၁၁ လုံးပျောက်ကွယ်သွားပါပြီ။ အခုကျန်ရစ်နေတဲ့ ဂူခြောက်လုံးလေးကို ခုန ဒုတိယဝန်ကြီးတင်ပြတဲ့အတိုင်းပဲ ဆွေတော်မျိုးတော်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ဒီဆွေတော်မျိုးတော်ဆိုတာလည်းပဲ တော်တော်အသက်ကြီးကုန်ကြပါပြီ။ သက်တော် ၈၀ ကျော်တွေရှိကုန်ကြပါပြီ။ ဒါကြောင့်မို့လို့ ဒီဆွေတော်မျိုးတွေများနဲ့ တိုင်ပင်ညှိနှိုင်းပြီးတဲ့နောက် နောင်အနာဂတ်ကာလမှာ ထိန်းသိမ်းစောင့်ရှောက်ရန်အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်း ကျွန်တော် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်း၍ ဆက်စပ်မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးပြောကြားတဲ့ သံဆူးကြိုးလေး လေးဘက်လေးလံခတ်ခြင်း၊ သွပ်မိုးခြင်း၊ ဆေးပြန်သုတ်ခြင်းများကို ဆောင်ရွက်မယ်ဆိုပါက ရှေးဟောင်း

အဆောက်အဦများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနဲ့အညီဖြစ်မှသာလျှင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ထိုသို့မဟုတ်ပါက ငွေကြေးသုံးစွဲမှုမှာ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့မညီဖြစ်နိုင်ပါတယ်ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးက လက်ရှိတည်ရှိနေသော အန္တယ်တော်အုတ်ဂူခြောက်လုံးအား ပျောက်ကွယ်ပျက်စီးသွားသော အုတ်ဂူ ၁၁ လုံးကဲ့သို့မဖြစ်ရအောင် ဌာနမှထိန်းသိမ်းစေလိုကြောင်း ဆက်စပ်မေးခွန်းမေးမြန်းလာခြင်းနဲ့ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနဟာ ဥပဒေအရ အနှစ် ၁၀၀ နှင့်အထက်သက်တမ်းရှိသော အဆောက်အဦများကိုသာ ရှေးဟောင်းအဆောက်အဦအဖြစ်သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိပါတယ်။ ထိုသို့ ရှေးဟောင်းအဆောက်အဦအဖြစ် သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်မည်ဆိုပါက ရှေးဟောင်းအဆောက်အဦများကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(က)အရ ရှေးဟောင်းအဆောက်အဦရဲ့ ပေ ၁၂၀ ပတ်လည် မြေဧရိယာမှာ အခြားမည်သည့်အဆောက်အဦမှ တည်ဆောက်ခွင့်ရှိတော့မှာလည်း မဟုတ်ပါဘူး။ အကယ်၍ ရှေးဟောင်းအဆောက်အဦများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ဃ)အရ နိုင်ငံတော်ပိုင်အဆောက်အဦဖြင့် ဌာနကို အပ်နှံလိုပါက သက်ဆိုင်ရာမိသားစုမှ လက်ရှိအုတ်ဂူများရဲ့ မြေပိုင်ဆိုင်မှု မြေပိုင်ဆိုင်မှုဆိုတဲ့နေရာမှာလည်းပဲ မြေပိုင်ဆိုင်မှုဟာ အရှုပ်အရှင်းကင်းဖို့လည်းပဲ လိုအပ်ပါတယ်။ ဆွေတော်မျိုးတော်များမှ နိုင်ငံတော်သို့အပ်ရန် သဘောတူညီမှုများလည်းပဲ လိုအပ်မှာဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြတဲ့ အခြေခံအချက်အလက်များနဲ့ ကိုက်ညီပါက ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာနသို့ လျှောက်ထားနိုင်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော မူလတန်းကျောင်းများရှိ ဘွဲ့ရအထွေထွေလုပ်သားများသည် မူလတန်းပြအဖြစ် ရာထူးတိုးပေးရန် သို့မဟုတ် ပညာရေးကောလိပ်သို့ တက်ရောက်ခွင့်ပြုပြီး မူလတန်းပြဆရာအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမယ့်မေးခွန်းလေးကတော့ ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော မူလတန်းကျောင်းများရှိ ဘွဲ့ရအထွေထွေလုပ်သားများသည် မူလတန်းပြအဖြစ် ရာထူးတိုးပေးရန် သို့မဟုတ် ပညာရေးကောလိပ်သို့တတ်ရောက်ခွင့်ပြုပြီး မူလတန်းပြဆရာအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းမေးမြန်းရခြင်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်အနည်းငယ်ရှင်းပြချင်ပါတယ်။ ကျွန်တော့် ဟုမ္မလင်းမြို့နယ်ဟာ ကြီးမားကျယ်ပြန့်တဲ့မြို့နယ်ဖြစ်ပြီးတော့မှ အခြေခံကျောင်းပေါင်း ၃၀၉ ကျောင်းရှိပါတယ်။ ကျွန်တော်လွှတ်တော်ပိတ်၍ လူထုတွေ့ဆုံပွဲသွားတိုင်းသွားတိုင်းရောက်တဲ့

မူကြမ်း

နေရာတိုင်းမှာ ကျွန်တော် စာသင်ကျောင်းများကိုတော့ အမြဲတမ်းရောက်လေ့ရှိပါတယ်။ ဒီတစ်ခါ ကျွန်တော် ပိတ်ရက်မှာ ဟုမ္မလင်းမြို့နယ်ရဲ့အစွန်အဖျား ဝေးလံခေါင်းပါးတဲ့ မိုင်ပေါင်း ၁၄၉ မိုင်ဝေးတဲ့ ပါဟုတ်ကြီးပညာရေးဒေသကို ရောက်ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တွေ့ရှိရတဲ့အခြေအနေလေးကို လည်း တင်ပြချင်ပါတယ်။ ဒီ ပါဟုတ်ကြီးဒေသမှာဆိုလို့ရှိရင် အစွန်ဆုံးရွာက အ.လ.က နန်နစ်ပါ။ အဲဒီ ပါဟုတ်ကြီးဒေသမှာဆိုရင် မူလတန်းပြတွေဟာ တော်တော့်ကိုအင်အားနည်းနေတာတွေ့ရပါတယ်။ ဒီ အ.လ.က နန်နစ်မှာဆိုရင် အလယ်တန်းကျောင်းတစ်ကျောင်းလုံးမှာ ဆရာ ငါးဦးပဲရှိတာကို တွေ့ရပါ တယ်။ အလယ်တန်းပြ ငါးဦးနဲ့ မူလတန်းပြတစ်ဦးပဲ ဒီကျောင်းမှာရှိနေတာတွေ့ပါတယ်။ ဒီအလယ်တန်းပြ လေးဦးထဲမှာ တစ်ယောက်က မီးဖွားခွင့်ယူထားတယ်။ တစ်ယောက်က အဝေးသင်သွားတယ်။ တစ်ယောက်ကတော့ ကျန်းမာရေးခွင့်ယူထားတဲ့အတွက် ကျွန်တော်တို့ရောက်ရှိတဲ့အချိန်မှာတော့ အလယ်တန်းပြ တစ်ဦး၊ မူလတန်းပြ တစ်ဦးပဲရှိနေတာတွေ့ရပါတယ်။ ဒီရွာခံ ဘွဲ့ရဆရာမလေး နှစ်ယောက်က ကူညီပြီးသင်ကြားနေတဲ့အတွက် ကျွန်တော်တို့မှာ သူတို့ကို ကျေးဇူးတင်ရပါတယ်။ အလယ်တန်းပြတစ်ဦး၊ မူလတန်းပြတစ်ဦးနဲ့ ဒီအလယ်တန်းကျောင်းကြီးကို Run ရတာဟာ ခု ပြောင်းလဲနေတဲ့ပညာရေးစနစ်၊ များပြားလှတဲ့မူလတန်းဘာသာရပ်များကို ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်တို့ဝမ်းနည်းစွာသိရှိရပါတယ်။ ဒီ ပါဟုတ်ကြီးပညာရေးဒေသမှာ ကျောင်းပေါင်း ၁၀ ကျောင်း ရှိပါတယ်။ အဲဒီ ၁၀ ကျောင်းမှာ လစ်လပ်မူလတန်းပြများဟာ မူအုပ်ရယ်၊ မူလတန်းပြရယ်က ၃၉ ယောက်ရှိနေတာတွေ့ရပါတယ်။ အဲဒီတော့ ပြောင်းလဲနေတဲ့ပညာရေးမှာ ကျွန်တော့်မြို့နယ်အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ မူလတန်းမှာ ဆရာမလုံမလောက်ဖြစ်နေတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါဟာ အခြေမခိုင်မှာတော်တော်စိုးရိမ်မိပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ အထွေထွေလုပ်သားများရဲ့အခြေအနေကို လည်းတင်ပြချင်ပါတယ်။ အထွေထွေလုပ်သားများဟာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ သူတို့ ၁၀ တန်းအောင်ပြီး ဆွဲခန့်ဝင်လာပါတယ်။ အဲဒီတုန်းကတော့ ဒါ ၁၀ တန်းအောင်တဲ့သူတွေက မူလတန်းပြ ဆရာလည်းလျှောက်လို့ရတယ်။ အထွေထွေလုပ်သားလည်း လျှောက်လို့ရတယ်။ ဒါပေမဲ့ အထွေထွေ လုပ်သားက ပိုလို့သေချာတယ်ဆိုပြီး သူတို့အထွေထွေလုပ်သားလျှောက်ခဲ့ကြပါတယ်။ အခုအချိန် မှာတော့ သူတို့က ဘွဲ့ရအထွေထွေလုပ်သားဖြစ်နေကြပါပြီ။ သူတို့ဟာ အခုထိ ရာထူးတိုးခြင်းလည်း မရှိသေးပါဘူး။ သူတို့တကယ်လုပ်နေရတာလည်း အထွေထွေလုပ်သားဆိုပေမဲ့ သူတို့ဟာ မူလတန်း စာသင်ကြားခြင်းအလုပ်ကိုပဲ သူတို့လုပ်နေတာတွေ့ရပါတယ်။ ရပ်ရွာမြို့နယ်အခြေပြုဖြစ်တဲ့ KG သင်တန်းတွေ၊ KG +1 သင်တန်းတွေ၊ KG +2 သင်တန်းတွေမှာလည်း ဒီအထွေထွေလုပ်သားတွေပဲ တက်ရောက်ပြီးတော့မှ ဒီကျေးရွာများမှာ ပြန်လည်ပြီးတော့မှ ပညာရေးမြှင့်တင်မှုကို လုပ်ဆောင် နေတာတွေ့ရှိရတဲ့အတွက် သူတို့ကိုတောင် ကျွန်တော်တို့ကျေးဇူးတင်နေရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ တိုးတက်မယ့်အခွင့်အလမ်းကတော့ အားနည်းတယ်လို့ ကျွန်တော်ယူဆလို့ ဒီမေးခွန်း ကို ကျွန်တော်မေးတာဖြစ်ပါတယ်။

ဒါကြောင့် ဒီဘွဲ့ရအထွေထွေလုပ်သားများကို မူလတန်းပြအဖြစ်တိုးပေးဖို့ အစီအစဉ်ရှိ/မရှိ သို့မဟုတ် DTET လိုမျိုး ဘွဲ့ရမူလတန်းပြသင်တန်းများကို တက်ရောက်ခွင့်ပေးပြီး မူလတန်းပြဆရာ

အဖြစ်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့လို့အတွက် လေးစားစွာတင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းမှာပါတဲ့ ဦးစားပေးလုပ်ငန်း ၁၂ ခုတွေကို ပြည်သူများ၊ မိဘများ၊ အုပ်ထိန်းသူများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ Development Partners များနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အဲဒီအခါ မှာ အရည်အသွေးရှိတဲ့ ပညာရေး(Quality Education)ကို ဦးတည်အကောင်အထည်ဖော်မယ်ဆိုလို့ ရှိရင်တော့ အဓိကအခန်းကဏ္ဍမှာရှိကြတဲ့သူတွေကတော့ ဆရာဆရာမများဖြစ်ပါတယ်။ ဆရာဆရာမ များရဲ့အရည်အချင်း၊ သင်ရိုးညွှန်းတမ်းရဲ့အရည်အချင်း၊ ကျောင်းသုံးဖတ်စာအုပ်တွေရဲ့အရည်အသွေး၊ သင်ကြားသင်ယူမှုအရည်အသွေးတွေနဲ့ သင်ထောက်ကူပစ္စည်းတွေ၊ စာကြည့်တိုက်တွေပြည့်စုံဖို့စတဲ့ ကျောင်းဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ဟာတွေလည်း ပြည့်စုံဖို့ကအင်မတန်အဓိကကျပါတယ်။ ဒါကြောင့် မို့လို့ အရည်အသွေးရှိတဲ့ ပညာရေး(Quality Education)ကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ဖို့ဆိုရင်တော့ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျောင်း၊ ရုံးအသီးသီးတွင် တာဝန် ထမ်းဆောင်နေကြတဲ့ ဘွဲ့ရအထွေထွေလုပ်သားတွေအနေနဲ့ ရာထူးတိုးလမ်းကြောင်းအရ စာရေး(၁) ရာထူးကိုပဲ တိုးမြှင့်ရရှိနိုင်ဖို့လို့အတွက် လျှောက်ထားခွင့်ရှိမှာဖြစ်ပါတယ်။ မူလတန်းပြအတွက် တာဝန် ထမ်းဆောင်လိုသူများအနေနဲ့ သတ်မှတ်ချက်များနှင့်ကိုက်ညီတယ်ဆိုလို့ရှိရင်တော့ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်သင်ပညာသင်တန်း(PPTT)သို့ တက်ရောက်နိုင်ရန်အတွက် လျှောက်ထား ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ် ပညာသင်တန်း(PPTT) (၅/၂၀၁၈)သင်တန်းဝင်ခွင့်သို့ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် အထွေထွေဝန်ထမ်းဘွဲ့ရအချို့ စာမေးပွဲယှဉ်ပြိုင်ဖြေဆိုအောင်မြင်ပြီးတော့မှ၊ ရွေးချယ်ခံရပြီးတော့မှ သင်တန်းတက်ရောက်လျက်လည်းရှိနေကြပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်သင်ပညာသင်တန်း (PPTT) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၅/၂၀၁၈)ထိ သင်တန်းများကို ခန့်ထားရေးမူအရ ခေါ်ယူရာမှာ

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ပြင်ပဘွဲ့ရများကို သင်တန်းစတင်မည့်နေ့တွင် အသက် ၃၀ နှစ်ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး အသက် ၃၅ နှစ်ထက်မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာနခွင့်ပြုချက်ဖြင့် ယှဉ်ပြိုင်ရေးဖြေဖြေဆိုစနစ်နှင့် ဖြေဆိုခေါ်ယူလျက်ရှိပါတယ်။ ဖြေဆိုအောင်မြင်သူတွေကို တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူဦးရေစုစုပေါင်းနှင့် မြို့နယ်တစ်မြို့နယ်မှာရှိတဲ့ ကျောင်းသားကျောင်းသူဦးရေပေါ်မူတည်ပြီး တစ်မြို့နယ်ချင်းခွဲတမ်းဖြင့် ပညာရေးကောလိပ်ဝင်ဆံ့အရ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘွဲ့ရအထွေထွေလုပ်သားများအား မူလတန်းပြအဖြစ်သို့ တိုးမြှင့်ခန့်ထားပေးခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ဘဲ သင်ကြားရေးဆရာဆရာမများရဲ့ အရည်အသွေးတိုးတက်မြင့်မားစေရန်အတွက် သင်တန်းဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်များအရလည်းကောင်း၊ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်မှုများအရလည်းကောင်း၊ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကိုသာ ဆရာအတတ်သင်သင်တန်းတက်ရောက်စေပြီး မူလတန်းအဖြစ် ခန့်ထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဘွဲ့ရအထွေထွေလုပ်သားဝန်ထမ်းများအား မူလတန်းပြဆရာဖြစ်သင်တန်းတက်ရောက်ခွင့်ရရှိရေးအတွက် ပြင်ပဘွဲ့ရများနည်းတူ ယှဉ်ပြိုင်စာမေးပွဲဖြေဆိုရန် အခွင့်အလမ်းရှိပါကြောင်းနှင့် ဌာနတွင်း ဦးစားပေးအချိုးအစားတစ်ခုအနေဖြင့် သတ်မှတ်ပေးနိုင်ခြင်းမရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

**မြန်မာနိုင်ငံတွင် ဖွင့်လှစ်သင်ကြားနေသော ပြည်တွင်းကျောင်းများ ပြည်ပနိုင်ငံဆက်နွယ်ကျောင်းများ စစ်မှန်မှုနှင့် ခွင့်ပြုသက်တမ်းရှိ/မရှိကို မည်သည့်ဌာနမှ စိစစ်ခွင့်ပြုပေးပါသနည်း၊ ကောလိပ်၊ စင်တာ၊ သင်တန်း၊ Training, Institute School, Programme ဘွဲ့ကြိုသင်တန်း စသည့် အဆင့်သတ်မှတ်ချက်များကို မည်သို့ထားရှိပါသနည်း၊ ကျောင်းအဆင့်အတန်းနှင့် ၎င်းတို့ပေးသော ဘွဲ့လက်မှတ်များ Certificate ဘွဲ့၊ ဒီပလိုမာများကိုလည်း မည်သည့်ဌာနမှ အဆင့်အတန်းပြည့်မီမှုရှိ/မရှိ စိစစ်ပေးပါသနည်း၊ ပြည်ပနိုင်ငံဆက်သွယ်ကျောင်းများမှ ပေးသောဘွဲ့ကို ၎င်းနိုင်ငံရှိ ပင်မကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ အသိအမှတ်ပြုပေးခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဖွင့်လှစ်သင်ကြားနေတဲ့ ပြည်တွင်းကျောင်းများ၊ ပြည်ပနိုင်ငံဆက်နွယ်ကျောင်းများ စစ်မှန်မှုနဲ့ ခွင့်ပြုသက်တမ်းရှိ/မရှိကို ဘယ်ဌာနက စိစစ်ခွင့်ပြုပေးပါလဲ။ ကောလိပ်၊ စင်တာ၊ သင်တန်း(Training, Institute School, Programme)ဘွဲ့ကြိုသင်တန်း စသည်ဖြင့် အဆင့်ဆင့်သတ်မှတ်ချက်တွေကို ဘယ်လိုထားရှိပါသလဲ၊ ကျောင်းအဆင့်အတန်းနှင့် သူတို့ပေးတဲ့ဘွဲ့လက်မှတ်(Certificate)၊ Diploma တွေကိုလည်း ဘယ်ဌာနကနေပြီးတော့ အဆင့်အတန်းပြည့်မီမှုရှိ/မရှိ စိစစ်ပေးပါသလဲ၊ မြန်မာနိုင်ငံမှာ ဆက်သွယ်

ကျောင်းတွေကနေပြီးတော့ ပြည်ပနိုင်ငံကနေဆက်သွယ်တဲ့ကျောင်းတွေကနေ ပေးပို့တဲ့ဘွဲ့တွေကို အဲဒီနိုင်ငံမှာရှိတဲ့ ပင်မကျောင်း၊ တက္ကသိုလ်၊ ကောလိပ်တွေက အသိအမှတ်ပြုပေးခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းထားတာဖြစ်ပါတယ်။

လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမှာ လက်မှတ်၊ ဘွဲ့၊ ဘွဲ့လွန်ပေးအပ်တဲ့ကျောင်း၊ သင်တန်းတွေ အလွန်များပါတယ်။ အရင်က ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာပဲတွေ့ရပြီးတော့ ယခုဆိုရင်နယ်မြို့တွေအထိပါ ရောက်လာကြပါတယ်။ ဒီလိုသင်တန်းတွေရှိလို့ အငြိမ်းစား ဆရာဆရာမကြီးတွေလည်း အလုပ်ရ၊ ဝင်ငွေလည်းရ၊ စိတ်ဓာတ်လည်းမကျ ဖြစ်နေတာတွေတွေ့လို့ ဝမ်းသာရပါတယ်။ ကျွန်တော့်ဖေဖေ၊ မေမေတွေကလည်းပဲ ဆရာဆရာမတွေပါပဲ။ ဆရာဆရာမကြီးတွေကလည်း သူတို့တပည့်လေးတွေကို စစ်မှန်တဲ့ပညာရပ်တွေ ရစေချင်တယ်ဆိုတာ ယုံကြည်ပါတယ်။ ကျောင်းသားတွေအနေနဲ့ကလည်း လက်မှတ်ရရုံသာမဟုတ်ဘဲ ရတဲ့လက်မှတ်မှန်ကန်ဖို့၊ အသုံးကျဖို့၊ အချိန်ကုန်ငွေပမ်းမဖြစ်ဖို့၊ အစမ်းသပ်ခံမဖြစ်ဖို့ အရေးကြီးပါတယ်။ စာအုပ်တစ်အုပ်ထဲကတွေ့တဲ့ကျောင်းတွေကို ကျွန်တော် Power Point နဲ့ဖော်ပြသွားမှာ ဖြစ်ပါတယ်။ ဒီထဲမှာ မပါတဲ့ ကျောင်း၊ သင်တန်းတွေလည်း အများကြီးရှိပါသေးတယ်။ အခုတင်ပြတဲ့ကျောင်းအားလုံးကိုတော့ မစစ်မှန်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ စစ်မှန်တဲ့ကျောင်းတွေကိုသာ အစိုးရဌာန၊ မိဘ၊ ကျောင်းသားတွေ မှန်မှန်ကန်ကန်ရွေးချယ်နိုင်ဖို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဒါကတော့ လူမှုစာမျက်နှာတစ်ခုပေါ်မှာတွေ့တဲ့ စာတမ်းလေးတစ်ခုပါ။ ကျွန်တော်တို့ နိုင်ငံမှာ မဟုတ်ပါဘူး။ တောင်အာဖရိကနိုင်ငံမှာပါ။ နိုင်ငံတစ်နိုင်ငံကိုဖျက်ဆီးပစ်ရန် အနုမြူဗုံးမလိုအပ်၊ တာဝေးပစ်ဒုံးကျည်များလည်းမလို၊ ပညာရေးအဆင့်အတန်းကို နှိမ့်ချပစ်ရန်နှင့် စာမေးပွဲများတွင် ခိုးချခွင့်ပြုရန်သာလိုအပ်သည်။ နိုင်ငံ၏ပညာရေးကျဆင်းလာသည့်အခါ ဆရာဝန်များလက်ထဲတွင် လူနာများသေဆုံးကြမည်။ အင်ဂျင်နီယာများလက်တွင် တံတားများ၊ အဆောက်အဦများ ပြိုကျမည်။ စီးပွားရေးပညာရှင်များ စာရင်းကိုင်များလက်တွင် ဒေဝါလီခံရမည်။ စသည်ဖြင့် ရေးထားတာ ဖြစ်ပါတယ်။ ဒီလိုကျောင်းတွေမှာဆိုရင် ပေးရတဲ့သင်တန်းကြေးတွေလည်း မနည်းပါဘူး။ အခုဆိုရင် သင်တန်းကြေးဟာ ၁၈ လအတွက်ကို ၆၈ သိန်း ၄ သောင်းလောက်ပေးရပါတယ်။ နောက်သင်တန်းတစ်ခုအတွက်ဆိုရင် ၁၂ လအတွက်ကို ၄၅ သိန်းလောက် ပေးထားရတာတွေ့ရပါတယ်။ ပညာရပ်မျိုးစုံပါပဲ။ Languages တွေရော၊ နောက် Management တွေရော၊ Environment နှင့်ပတ်သက်တဲ့ဟာတွေရော သင်တန်းဖွင့်ထားတာဖြစ်ပါတယ်။ ဒီမှာဆိုရင် ကောလိပ်ကျောင်းပေါင်း ၂၀၀၀ ကျော်လောက်နဲ့ ချိတ်ဆက်နိုင်တယ်။ နိုင်ငံ ၈၀ လောက်မှာ သွားတက်နိုင်တယ်လို့ ပြောပါတယ်။ ဒီလိုကြော်ငြာထားတာတွေလည်း တွေ့ရပါတယ်။ Health Science တွေ၊ ကျန်းမာရေးနဲ့ပတ်သက်တာတွေလည်းပါပါတယ်။ Business နဲ့ပတ်သက်တာတွေပါပါတယ်။ Engineering တွေနဲ့ပတ်သက်တာလည်းပါပါတယ်။ Education Diary and Guide for Everyone 2018-2019 ဆိုတဲ့စာအုပ်မှာဖြစ်ပါတယ်။ ဒီစာအုပ်ပါ။ ကျေးဇူးတင်ပါတယ်။ ဒီစာအုပ်မှာမပါပေမဲ့လို့ တခြားဖွင့်နေတဲ့သင်တန်းတွေလည်း အများကြီးပါ။ အဲဒီတော့ ကျွန်တော် ခုန တင်ပြခဲ့သလိုပဲ ကျောင်းအားလုံးကို မစစ်မမှန်ဘူးလို့ ဆိုလိုတာ

မဟုတ်ပါဘူး။ စစ်မှန်တဲ့ကျောင်းတွေကိုပဲ အစိုးရဌာန၊ မိဘ၊ ကျောင်းသားတွေ မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့ လိုပါတယ်။ တက်ရောက်တဲ့ကျောင်းသားတွေလည်း အချိန်ကုန်၊ ငွေပမ်း မဖြစ်စေဖို့ အတွက် စစ်စစ်မှန်မှန်ကျောင်းသားတွေရွေးချယ်နိုင်ဖို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ Quality Education ကို သွားနေတာဖြစ်လို့လည်း ကျွန်တော်တို့အနေနဲ့ အများကြီးဝမ်းသာရပါတယ်ဆိုတာ ပြောကြားရင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပညာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး၏မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းတင်ပြဖို့အတွက် ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှာရှိတဲ့ တက္ကသိုလ်များမှာဖွင့်လှစ်သော သင်တန်း များနှင့် အခြားဝန်ကြီးဌာနများနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ သင်ကြားပေးအပ်လျက်ရှိသော Diploma၊ Degree၊ မဟာဘွဲ့ နှင့် ဒေါက်တာဘွဲ့လက်မှတ်များရဲ့ မှန်ကန်ခိုင်မာမှုနှင့် အရည်အသွေး ပြည့်မီတို့နှင့်စပ်လျဉ်း၍ ဖွင့်လှစ်တဲ့သင်တန်းများမှာ သင်ကြားမည့် သင်ရိုးမာတိကာနှင့် သင်ရိုး ညွှန်းတမ်းများကို သက်ဆိုင်ရာတက္ကသိုလ်များမှ ပညာရေးအဖွဲ့၏ ထောက်ခံချက်၊ ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့၊ Board of Study ၏ထောက်ခံချက်များဖြင့် ပါမောက္ခချုပ်မှ တာဝန်ခံတင်ပြရပြီး အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီနှင့် ပါမောက္ခချုပ် များကော်မတီတို့၏ သဘောတူညီမှုဖြင့် ဆုံးဖြတ်ဆောင်ရွက်ကြခြင်း ဖြစ်ပါတယ်။ ကိုယ်ပိုင်ကျောင်းများကို မှတ်ပုံတင်ဖို့ ဆိုလို့ရှိရင်တော့ ကိုယ်ပိုင်ကျောင်းတွေကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်တဲ့ဥပဒေ၏ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုစိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနဟာ အထက်ပါကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေနှင့်အညီ ဖွင့်လှစ်သင်ကြား နေသော အခြေခံပညာအဆင့်ကိုယ်ပိုင်ကျောင်းနှင့် ဘာသာရပ်သင်ကိုယ်ပိုင် သင်တန်းများကိုသာ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါကိုယ်ပိုင်ကျောင်းများ၏ သင်ကြားမှုအရည်အသွေးပြည့်မီရေး ကို အစိုးရအခြေခံပညာကျောင်းများနည်းတူ ကြပ်မတ်စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေး ဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအတိုင်းဖြစ်စေ၊ သင်ခန်းစာများထပ်စောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပုဂ္ဂလိကတည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ အမျိုးသားပညာရေးဥပဒေ၏ ပုဒ်မ ၃၅ ပါ

ပြဋ္ဌာန်းချက်ဖြစ်သော၊ ပြည်တွင်းပြည်ပမှဖွင့်လှစ်သော အခြေခံပညာရေးသင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်ဟု ဖော်ပြထားပါတယ်။ လက်ရှိဖွင့်လှစ်ထားသော ပုဂ္ဂလိကသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်ပတက္ကသိုလ် သို့မဟုတ် ပညာရေး ဆိုင်ရာအဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ဥပဒေများအရ ခွင့်ပြုထားခြင်းမျိုးမဟုတ်ဘဲ ကုမ္ပဏီမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ ပညာရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီအဖြစ်မှတ်ပုံတင်၍ ဖွင့်လှစ်ခွင့်ပြုထားတဲ့ကျောင်းများဖြစ်ပါတယ်။ ထိုသို့ဖွင့်လှစ်ထားသောကျောင်းများဖြစ်ပါက ပညာရေးဝန်ကြီးဌာနအနေနဲ့ ယင်းကျောင်းများမှပေးအပ်နေသော Diploma၊ Degree၊ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့လက်မှတ်များရဲ့မှန်ကန်ခိုင်မာမှုနှင့် အရည်အသွေးပြည့်မီမှုတို့ကို စိစစ်နိုင်ဖို့အတွက်သည် အမျိုးသားပညာရေးဥပဒေနှင့် ပြင်ဆင်တဲ့ဥပဒေတွေအရ စိစစ်ဆောင်ရွက်ဖို့အတွက် အခက်အခဲရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့ပညာရေးကဏ္ဍမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကိုလည်း ကြိုဆိုလက်ခံပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် ပေးပို့လျှောက်ထားလာတဲ့ ပညာရေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီပါက ပုဂ္ဂလိကရင်းနှီးမြှုပ်နှံရန် ထောက်ခံဆောင်ရွက်ပြီး အချက်အလက်များနှင့် ကိုက်ညီမှုရှိ/မရှိတို့ကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် ပေးပို့လျှောက်ထားလာတဲ့ ပညာရေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်ပြီး စိစစ်ဆောင်ရွက်ပေးလျက်ရှိတဲ့ အချက်တွေကတော့ ရင်းနှီးမြှုပ်နှံသူအဖွဲ့အစည်း၏နိုင်ငံသားဖြစ်မှု၊ ရင်းနှီးမြှုပ်နှံမှုပုံစံ၊ ဖွင့်လှစ်မည့် ပုဂ္ဂလိကကျောင်း၊ သင်တန်းအမျိုးအစား၊ ဖွင့်လှစ်မည့်သင်တန်းဆင်းလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့လက်မှတ်အမျိုးအစားနှင့် အသိအမှတ်ပြုသည့် အဖွဲ့အစည်း၊ ပေးအပ်မည့်သင်တန်းဆင်းလက်မှတ်၊ အသိအမှတ်ပြုအောင်လက်မှတ်၊ ဒီပလိုမာဘွဲ့လက်မှတ်များ၏နမူနာပုံစံ၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာအမျိုးအစား၊ ပုဂ္ဂလိကကျောင်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ခံဆောင်ရွက်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင်များ၏ပညာအရည်အချင်း၊ အထောက်အထား၊ ပုဂ္ဂလိကကျောင်း၏အတန်းများကို ဘာသာရပ်အလိုက်သင်ကြားမည့် ပုဂ္ဂလိကကျောင်းဆရာများ၏ဘွဲ့လက်မှတ်၊ အထောက်အထားများ၊ သင်ကြားရေးအတွေ့အကြုံများနှင့် ကိုယ်ရေးအကျဉ်း၊ ကျောင်းဆရာ၏နိုင်ငံသားဖြစ်မှု၊ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား၊ ပုဂ္ဂလိကကျောင်း၏ဆရာဆရာမနှင့် စီမံခန့်ခွဲရေးဝန်ထမ်း လုံလောက်မှုရှိကြောင်း ဝန်ခံချက် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ထားရှိရမည့်ကျောင်းပရဝုဏ် အဆောက်အဦလုံလောက်မှုရှိ/မရှိနှင့် အသုံးပြုခွင့်ရှိသောအထောက်အထား၊ ပုဂ္ဂလိကကျောင်း ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း၊ ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်မည့် ပရဝုဏ်၏ဘေးပတ်ဝန်းကျင်တွင် အနီးစပ်ဆုံးနေထိုင်သူအနည်းဆုံး ၁၀ ဦး၏ သဘောတူလက်မှတ် ရေးထိုးထားသည့်အထောက်အထားနှင့် ယင်းအထောက်အထားမှန်ကန်ကြောင်း သက်ဆိုင်ရာ

မူကြမ်း

ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက် ပညာရေးဆိုင်ရာဝန်းကျင်ကောင်းရှိ/မရှိ၊ ဖွင့်လှစ်မည့် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၏သဘောထားမှတ်ချက်၊ အမျိုးသား ပညာရေးဥပဒေ၊ တည်ဆဲပညာရေးဆိုင်ရာဥပဒေများကိုလိုက်နာရန်နှင့် နောင်ထွက်ပေါ်လာမည့် ပညာရေးဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် သတိပြုဝန်ခံချက်၊ ပုဂ္ဂလိကကျောင်း၏ ပရဝုဏ်အတွင်း အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိစေရေး ကတိဝန်ခံချက်၊ ဆရာဆရာမ နှင့် ကျောင်းသားကျောင်းသူများ၏ ကာအိန္ဒြေထိခိုက်မှုမရှိစေရေး ကတိဝန်ခံချက် စတဲ့အချက်တွေ အပေါ်မှာ မူတည်ပြီးတော့မှ နိုင်ငံတကာမှာလည်းပဲ ပုဂ္ဂလိကကျောင်းတွေနဲ့ ပတ်သက်ပြီးတော့မှ ဆောင်ရွက်နေတဲ့၊ စိစစ်အကဲဖြတ်နေတဲ့အချက်အလက်တွေကို မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ ရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမယ့်အချက်အလက်တွေကို စိစစ်ပြီးတော့မှ ဒီအချက် ၁၂ ချက်နဲ့ ဒီဟာတွေကို စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုစိစစ်ဆောင်ရွက်တဲ့အခါမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မှတ်ပုံတင်ခွင့်ရရှိဖို့အတွက် ပညာရေးဝန်ကြီးဌာနက ထောက်ခံ ပြီးတော့မှ ယခုအထက်ဖော်ပြပါအချက်အလက်များကို ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာနရဲ့ အသိအမှတ်ပြုခွင့်ရရှိဖို့အတွက်နဲ့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့အသိအမှတ်ပြုမှု ရရှိဖို့ အတွက်ကို ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့၊ လျှောက်ထားလာတဲ့ကျောင်းတွေကတော့ ဖော်ပြပါအတိုင်း Science and Tech International Myanmar University၊ ဒုတိယအနေနဲ့ East Asia Management University and East Asia International School in Myanmar၊ Myanmar Ivy College of Business and Technology၊ နောက်တစ်ခုကတော့ Eternal Technical Supporting(ပညာရေးဝန်ဆောင်မှုလုပ်ငန်း)၊ နောက်တစ်ခုကတော့ Eternal Technical Supporting(ပညာရေးဝန်ဆောင်မှုလုပ်ငန်း) (အခြေခံပညာအဆင့်)၊ Myanmar Imperial Investment Capital(တက္ကသိုလ်အဆင့်)၊ Higher National Diploma Level 4 and 5 သင်ကြား သည့်ကောလိပ်၊ Royal British International(အခြေခံပညာအဆင့်)၊ Vitoria University College စတဲ့ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မယ့်ကိုးခုကိုတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ စိစစ်လျက်ရှိပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကကျောင်းဥပဒေကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အဆိုပါဥပဒေပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပြီး ပညာရေး ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှတစ်ဆင့် ပေးပို့လျှောက်ထားလာသောကိစ္စရပ်များအပေါ် ပညာရေးဝန်ကြီးဌာနအနေဖြင့် စိစစ်ပေးခြင်း၊ အကြံပြုချက်ပေးခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြ အပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

**မူကြမ်း**

**ချောက်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ တစ်ထပ်ဆောင်မှာ အန္တရာယ်ဆောင် ဖြစ်နေပါသဖြင့် ဖျက်သိမ်းပြီး (၁၄၀ ပေ x ၃၀ ပေ) RC နှစ်ထပ်ဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ အမှတ်(၃) အ.ထ.ကရှိ အထက်အဆင့်ဆင့်သို့ တင်ပြတောင်းခံထားသော အန္တရာယ်ဆောင် ဖျက်သိမ်းခွင့်နှင့် ၁၄၀ ပေ x ၃၀ ပေ RC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးပါရန် တင်ပြထားချက်များအပေါ် အနီးကပ်ဆုံးဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အချက်သုံးချက် ဖြင့် တင်ပြအပ်ပါတယ်။ ပထမအချက်အနေနဲ့ကတော့ ဒီကျောင်းကြီးကနေပြီးမှ ကျွန်တော်တို့ရဲ့ ပညာရှင်၊ ပညာတတ်တွေ မွေးထုတ်တဲ့အကြောင်း တင်ပြပါမယ်။ ဒီ အ.ထ.ကကျောင်းကြီးကို ၂၀၁၂ ခုနှစ်မှစပြီးတော့ အ.ထ.ကကျောင်းအဖြစ် ဖွင့်လှစ်လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၈ ခုနှစ် ကာလအတွင်းမှာ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးရှင်တွေ၊ ငါးဘာသာဂုဏ်ထူးရှင်တွေ၊ လေးဘာသာဂုဏ်ထူးရှင်တွေ၊ သုံးဘာသာဂုဏ်ထူးရှင်တွေ အစသဖြင့် နှစ်စဉ် အများကြီးမွေးထုတ်ခဲ့ပါ တယ်။ အဲဒီအထဲမှာ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ မကေသီအောင်ဟာဆိုရင် ဘာသာစုံ ဂုဏ်ထူးနဲ့အောင်ပြီးတော့ ယခု မကွေးဆေးတက္ကသိုလ်မှာ တက်နေပါတယ်။ ၂၀၁၇ ခုနှစ်မှာ ဘာသာစုံ ဂုဏ်ထူးရှင် မဟိန်းသန့်ဦးကလည်း သုံးထပ်ကွမ်းလူရည်ချွန်ဖြစ်ပြီးတော့ အခု ရန်ကုန်စက်မှု တက္ကသိုလ်တက်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်မှာ ခြောက်ဘာသာဂုဏ်ထူးရှင် မခွန်းချိုသာဟာဆိုရင် မကွေးတိုင်းဒေသကြီး တစ်တိုင်းလုံးမှာ ပထမဆုနဲ့ ဒီကျောင်းကြီးကနေ အောင်မြင်ခဲ့ပါတယ်။ ဒါကြောင့် ဒီကျောင်းကြီးက စည်းကမ်းရှိမှုတွေ၊ သင်ကြားပုံကောင်းတာတွေ၊ ဆရာ၊ မိဘထိန်းကျောင်းမှုကောင်း တာတွေ၊ ကျောင်းသားတွေရဲ့ စုပေါင်းသင်ယူမှုကောင်းတာတွေကြောင့် ဒီကျောင်းကြီးဟာ ကျွန်တော်တို့ မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်ကြီးတွေအနီး ကျေးရွာရှိ မှီခိုတဲ့ကျောင်းကြီးဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ အန္တရာယ်ဆောင်အကြောင်း တင်ပြမှာဖြစ်ပါတယ်။ ဒီအ.ထ.က(၃) တည်ခဲ့တာဟာ ၁၉၃၀ ခုနှစ်က စခဲ့တဲ့ကျောင်းကြီးဖြစ်ပါတယ်။ စစ်ကြိုခေတ်ကာလကတည်းက အခုဆိုရင် နှစ်ပေါင်း ၉၀ ရှိတဲ့ကျောင်းကြီးလည်းဖြစ်ပါတယ်။ ဒီအန္တရာယ်ဆောင်ကြီးကတော့ ယင်းမာတန်းတွေ၊ ခပန်းကြားတွေ၊ တိုင်တွေ၊ သံဖိနပ်တွေ ပျက်စီးနေပါတယ်။ အကာထရံများ၊ ပြတင်းပေါက်တွေလည်း ပျက်စီးနေတယ်။ မိုးလည်းမလုံဘူး။ မျက်နှာကျက်တွေ၊ လျှောက်လမ်းတွေ

လည်း ပျက်စီးနေတယ်။ သံဖိနပ်တွေလည်း ကွဲအက်ပျက်စီးနေပါတယ်။ ဒါကြောင့် စာသင်လို့ မရပါဘူး။ ဒါကြောင့် စာသင်ဖို့အတွက် ကျောင်းဆောင်တွေကလည်း မရှိဖြစ်နေပါတယ်။

တတိယအချက်ကတော့ ဒီကျောင်းသားတွေနဲ့ ဒီစာသင်ကျောင်းမှာ ပြည့်ညှပ်ပြီး သင်နေတာကို တင်ပြမှာဖြစ်ပါတယ်။ မူလတန်းရှိတယ်။ အလယ်တန်းရှိတယ်။ အထက်တန်းရှိပါတယ်။ ဒီအတန်း ပေါင်းစုံက စာသင်ဆောင်တွေမှာ ကျောင်းသားတွေက ပြည့်ညှပ်နေပါတယ်။ တစ်ခန်းအတွင်းမှာ ရှိသင့်တဲ့ပမာဏထက် ပိုမိုပြီး သင်ကြားနေရပါတယ်။ ကျောင်းသားဦးရေကလည်း ၁၀၀၀ ကျော် လောက်ရှိပါတယ်။ အထူးတင်ပြလိုတာကတော့ အမှတ်(၃) အ.ထ.ကကျောင်းအနေနဲ့ ရပ်ကွက်များ အတွင်းတွင် တည်ရှိနေခြင်းကြောင့် ထပ်မံတိုးချဲ့ဖို့ နေရာလည်းမရှိတော့ဘူး။ ယခု ပညာရေးစနစ် ကလည်း KG တန်းကနေပြီးတော့ (၁၂)တန်းပညာရေးစနစ်ကို သွားနေပြီဖြစ်တယ်။ ဒါကြောင့် စာသင်ခန်းအသစ်များ ထပ်မံတိုးချဲ့ရန် လိုအပ်နေပါတယ်။ တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ ဉာဏသယံဇာတထုတ်လုပ်ရန်အတွက် အချက်တစ်ချက်အနေဖြင့် စနစ်ကျသောစာသင်ခန်းများ ပမာဏလုံလောက်ရန် များစွာအရေးပါလိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် အန္တရာယ်ဆောင်ဖျက်သိမ်း ပြီးတော့ နှစ်ထပ်ဆောင်သစ်ဆောက်လုပ်ပေးပါရန် ကျောင်းသားကျောင်းသူများကိုယ်စား၊ ဆရာ ဆရာမများကိုယ်စား၊ မိဘများကိုယ်စား တင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ အမှတ်(၃) အ.ထ.ကကျောင်းရှိ အန္တရာယ်ဆောင်အား အမြန်ဆုံးဖျက်သိမ်းခွင့်ပြုရန်နှင့် ၁၄၀ ပေ x ၃၀ ပေ RC နှစ်ထပ်ကျောင်းဆောင်ကို မည်သည့်ဘဏ္ဍာရေးနှစ်အတွင်းမှာ ခွင့်ပြုဘတ်ဂျက်များမှာ ဆောက်လုပ်ပေးမည်ကို သိလိုလို့ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီး အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မကွေး တိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး၏ မေးခွန်းအား ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာတင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာ လမှ စက်တင်ဘာလအထိ ငွေလုံးငွေရင်း တည်ဆောက်ရေးတွင် အခြေခံပညာကျောင်းဆောင်များ တည်ဆောက်ရေးအပါအဝင် လုပ်ငန်း ၁၈ ခုအား မြို့နယ်ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိ ကြောင်း တင်ပြအပ်ပါတယ်။ အထက်ဖော်ပြပါ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှာ

ကျောင်းသားကျောင်းသူဦးရေအနေဖြင့် မူလတန်းအဆင့်တွင် ၃၄၅ ဦး၊ အလယ်တန်းအဆင့်တွင် ၄၄၂ ဦး၊ အထက်တန်းအဆင့်တွင် ၁၈၇ ဦး စုစုပေါင်း ၉၇၄ ဦး ပညာသင်ယူလျက်ရှိကြပါတယ်။

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိနေတဲ့၊ အန္တရာယ်ဆောင်ဖြစ်တဲ့ မြတ်လေးဆောင်အပါအဝင် စုစုပေါင်း ကျောင်းဆောင် ရှစ်ဆောင်ရှိပါတယ်။ ဒါကတော့ အ.ထ.က(၃) ချောက်ရဲ့ ကျောင်းအဝင်ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ ယင်းမာဆောင် ပေ ၉၀ x ၂၄ ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်ဖြစ်ပါတယ်။ ဒါကတော့ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတ်မှတ်ထားတဲ့ မြတ်လေးဆောင်ဖြစ်ပါတယ်။ ပေ ၉၀ x ၂၉ ပေ ဖြစ်ပါတယ်။ ကြမ်းခင်းတွေကလည်း ပေါက်ပြဲလျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ဒါကတော့ ခတ္တာ ဆောင်ဖြစ်ပါတယ်။ ဒါကတော့ ဂန္ဓမာဆောင်ဖြစ်ပါတယ်။ ပေ ၆၀ x ပေ ၂၀ အနေနဲ့ ဒါကလည်းပဲ ထရံကာပြီးတော့မှ သွပ်မိုးထရံကာဖြစ်ပါတယ်။ ဒါက ခွာညိုဆောင်ဖြစ်ပါတယ်။ အုတ်ညှပ်တစ်ထပ် ဆောင်ဖြစ်ပါတယ်။ သဇင်ဆောင်ဖြစ်ပါတယ်။ သွပ်မိုးထရံကာဆောင်ဖြစ်ပါတယ်။ စန္ဒကူးဆောင် ဖြစ်ပါတယ်။ သွပ်မိုးအုတ်ညှပ်နှစ်ထပ်ဆောင်ဖြစ်ပါတယ်။ ကံ့ကော်ဆောင်ဖြစ်ပါတယ်။ ပေ ၁၂၀ x ၃၀ ပေ အုတ်ညှပ်နှစ်ထပ်ဆောင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချောက်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှာ အန္တရာယ်ဆောင်ဖြစ်သော မြတ်လေးဆောင်အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဖျက်သိမ်းစေဖို့လို့အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားရယူပြီးတော့မှ လိုအပ်နေ တဲ့ ကျောင်းသားဦးရေအရ ကျောင်းဆောင်သစ်တစ်ဆောင် RC ပေ ၁၄၀ x ပေ ၃၀ နှစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်သို့ရောက်ရှိမှသာ အဆိုပါဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့်ရန်ပုံငွေအခြေအနေ အပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး လျာထားဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံတွင် ခေတ်မီအဆင့်မီ စာကြည့်တိုက်အမျိုးမျိုးထူထောင်ရန်အတွက် အဆင့်မီကျွမ်းကျင် သော အရည်အချင်းရှိ စာကြည့်တိုက်မှူးများနှင့်ဝန်ထမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးရန်၊ ကျောင်းစာကြည့်တိုက်များတွင် ကျွမ်းကျင်အရည်အချင်းရှိ စာကြည့်တိုက်မှူးများ ခန့်ထားပေးရန်နှင့် ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအတွက် ယခုထက်အကျိုးရှိအောင် ပြည်ထောင်စုအစိုးရ မှ စီမံဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံမှာ ခေတ်မီအဆင့်မီစာကြည့်တိုက်အမျိုးမျိုး ထူထောင်ရန် အတွက် အဆင့်မီကျွမ်းကျင်သော အရည်အချင်းရှိ စာကြည့်တိုက်မှူးများနှင့် ဝန်ထမ်းများဖြစ်လာ အောင် ဆောင်ရွက်ပေးရန်၊ ကျောင်းစာကြည့်တိုက်များတွင် ကျွမ်းကျင်အရည်အချင်းရှိ

စာကြည့်တိုက်မှူးများ ခန့်ထားပေးရန်နှင့် ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအတွက် ယခုထက် အကျိုးရှိအောင် ပြည်ထောင်စုအစိုးရမှ စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိစပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းနဲ့ဆက်စပ်တဲ့ အကြောင်းပြချက်တွေကို ကျွန်မရှင်းပြပါရစေ။ အသိပညာရဖို့၊ ဦးနှောက်ဖွံ့ဖြိုးဖို့အတွက် ပြည်သူတစ်ရပ်လုံး လက်လှမ်းမီရလောက်အောင် လွယ်ကူမှုရှိတဲ့ ပညာရှာမှီးရာအရပ်က စာကြည့်တိုက်ဖြစ်ပါတယ်။ မိမိတို့ရှာမှီးလိုတဲ့ပညာရပ်ကို လွတ်လပ်စွာရှာမှီးနိုင်တဲ့ လူထုတက္ကသိုလ်လည်းဖြစ်ပါတယ်။ အဲဒီမှာ စာကြည့်တိုက်အမျိုးမျိုး ရှိပါတယ်။ အဲဒါတွေကတော့ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ ရည်ညွှန်းစာစာကြည့်တိုက်၊ အများပြည်သူစာကြည့်တိုက်နှင့် ကျေးလက်စာကြည့်တိုက်များ ဖြစ်ပါတယ်။ အဲဒီမှာ ဝန်ထမ်းအသီးသီးထမ်းဆောင်ရပါတယ်။ အဲဒီဝန်ထမ်းထမ်းဆောင်နေတဲ့အမျိုးအစားတွေမှာ အရည်အသွေးပြည့်တဲ့စာကြည့်တိုက်တွေ၊ စာကြည့်တိုက်လက်ထောက်တွေ၊ ကျွမ်းကျင်ဝန်ထမ်းတွေ၊ အကူဝန်ထမ်းတွေ ဖြစ်ပါတယ်။ အဲဒီမှာ စာကြည့်တိုက်ထူထောင်ဖို့လို့ဆိုလို့ရှိရင် ၅ ချက်စံနှုန်းကလည်း ရှိပါတယ်။ အဲဒါကတော့ 5 B ဖြစ်ပါတယ်။ Brain, Building, Book, Budget နဲ့ Borrower ဖြစ်ပါတယ်။ အဲဒီမှာ စာကြည့်တိုက်မှူးဟာဆိုလို့ရှိရင် နေရာ၊ အလုပ်ရုံစီမံခန့်ခွဲသူအဖြစ် ရှိနေတဲ့အတွက် ဒီစီမံခန့်ခွဲမှုပြည့်စုံမှ စာကြည့်တိုက်ကောင်းတစ်ခုဖြစ်မှာဖြစ်ပါတယ်။ စာကြည့်တိုက်ကနေတစ်ဆင့် ကျွန်မတို့အခုမျှော်မှန်းထားတဲ့ ကုလသမဂ္ဂ ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို အောင်မြင်ရန် ဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံအနေနဲ့ တက်ကြွစွာလှုပ်ရှားဆောင်ရွက်နေကြတဲ့ လူတိုင်းအတွက် ဖွင့်လှစ်ထားတဲ့လူထုအခြေပြုစာကြည့်တိုက်များများစွာအပေါ် မူတည်နေတာဖြစ်ပါတယ်။ အတွေ့အကြုံကိုပြောပြရမယ်ဆိုလို့ရှိရင် တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ၊ ပြည်သူ့စာကြည့်တိုက်တွေမှာဆိုလို့ရှိရင် ကျေးလက်စာကြည့်တိုက်မှာ စာကြည့်တိုက်မှူးများ မရှိပါဘူး။ အဲဒီမှာ စာကြည့်တိုက်ကော်မတီအနေနဲ့ ဖွဲ့ပြီးတော့ တာဝန်ခံနေတဲ့၊ လုပ်ရတဲ့အတွက် စီးပွားရေးရှာနေသူတွေနဲ့သော်လည်းကောင်း၊ ကျောင်းမှာရှိတဲ့ ဆရာဆရာမများအနေနဲ့သော်လည်းကောင်း အင်အားနည်းရတဲ့အထဲက အချိန်ဖဲ့ပြီးတော့မှ ဝန်ဆောင်မှုပေးရပါတယ်။ သူတို့တွေက စေတနာတွေဒေးပေမဲ့ ပညာပိုင်းမှာ စာကြည့်တိုက်မှူးအနေနဲ့ ပညာမဒေးတဲ့အတွက် အားနည်းမှုတွေရှိလာတဲ့အတွက် ကျောင်းသူကျောင်းသားများအနေနဲ့ကလည်း စာကြည့်တိုက်ရဲ့ အစီအမံ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ အားနည်းနေတာ တွေ့ရတဲ့အတွက် ဒီမေးခွန်းကို ပြည်သူလူထုကိုယ်စား၊ မဲဆန္ဒရှင်များကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၏မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်

**မူကြမ်း**

ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုလို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း ၄၇၀၀၅ ကျောင်း ရှိပါတယ်။ ဒီကျောင်းတွေကတော့ အစိုးရကျောင်းများဖြစ်ပါတယ်။ အဲဒီကျောင်းများမှာ ကျောင်းစာကြည့်တိုက်များရှိတဲ့ အထက်တန်းကျောင်း ၂၃၇၆ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၁၆၄၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၃၉၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၂၂၆၉ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၃၇၈၈ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၃၁၁၅ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၆၂၃ ကျောင်း စုစုပေါင်း ၂၆၂၁၂ ကျောင်းမှာ စာကြည့်တိုက်များရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့ကျောင်းတွေမှာတော့ စာကြည့်တိုက်များ မရှိပါဘူး။ ဒါကြောင့်မို့လို့ စာကြည့်တိုက်မရှိတဲ့ကျောင်းတွေမှာတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ အဲဒီစာကြည့်တိုက်မရှိတဲ့ကျောင်းများမှာ အခြေခံပညာကျောင်းများတွင် စာအုပ်စင်များ သို့မဟုတ် ဗီရိုများဖြည့်ဆည်းပြီးတော့မှ စာကြည့်တိုက်စာအုပ်များ ဖြည့်ဆည်းနိုင်ဖို့လို့အတွက်ကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းစာကြည့်တိုက်ဖွင့်လှစ်ထားရှိတဲ့ အခြေခံပညာကျောင်းများတွင် သင်ကြားရေးဆရာဆရာမများထဲမှပဲ တစ်ဦးကို စာကြည့်တိုက်တာဝန်ခံအဖြစ်လည်းကောင်း၊ သင်ကြားရေးဆရာဆရာမများနှင့် ကျောင်းကောင်စီအဖွဲ့မှ အသင်းခေါင်းဆောင်များကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ထားရှိပြီး ကျောင်းစာကြည့်တိုက်အဖွဲ့များ ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအဖွဲ့များသည် ကျောင်းသားကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုခြင်း၊ ဂျာနယ်ဖတ်ရှုခြင်းများ အဆင်ပြေစေရန်အတွက် နေ့စဉ်အလှည့်ကျ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း စာကြည့်တိုက်မှူးတွေမရှိတဲ့အတွက်ကြောင့်မို့လို့ ဆရာဆရာမတွေကပဲ အလှည့်ကျတာဝန် ဆောင်ရွက်နေရတာပဲ ဖြစ်ပါတယ်။ အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက်များတွင် စာကြည့်တိုက်မှူးများ ခန့်ထားပေးရန် ခွဲဝေရာထူး သတ်မှတ်ထားချက်တော့ အခြေခံပညာဦးစီးဌာနမှာ ယနေ့အထိမရှိသေးပါဘူး။ သို့သော် အခြေခံပညာကျောင်းတွေမှာ လိုအပ်နေတဲ့ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာဆရာမများ ခန့်ထားဖို့လို့အတွက် ခန့်ခွင့်ရရှိမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အခြေခံပညာဦးစီးဌာနအနေနဲ့ ရန်ကုန်တက္ကသိုလ်မှာ စာကြည့်တိုက်ဘွဲ့အပ်နှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီစာကြည့်တိုက်ဘွဲ့ရတွေထဲကမှ ၂၅၀ ဦးကိုတော့ လိုအပ်နေတဲ့အခြေခံပညာကျောင်းတွေ၊ လိုအပ်နေတဲ့ အဆင့်မြင့်ပညာသင်ကြားနေတဲ့ တက္ကသိုလ်တွေ၊ ဒီကရီကောလိပ်တွေ၊ ကောလိပ်တွေမှာ ခန့်ထားပေးနိုင်ဖို့လို့အတွက်ကိုတော့ ကျွန်တော်တို့စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် စာကြည့်တိုက်အသုံးပြုမှုနှင့်ပတ်သက်၍ ပိုမိုအကျိုးရှိလာစေရန်နှင့် နည်းစနစ်မှန်ကန်စေရန်အတွက် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို အခြေခံပညာဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ မြန်မာနိုင်ငံစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးပရဟိတအဖွဲ့(MBAPE)၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊

ဂျပန်နိုင်ငံအခြေစိုက် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားရှိသော အခြေခံပညာကျောင်းများတွင် သင်ကြားရေးဆရာဆရာမများထဲမှ တစ်ဦးကို စာကြည့်တိုက်တာဝန်ခံအဖြစ်လည်းကောင်း၊ အဖွဲ့များ ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းသားကျောင်းသူများ စာအုပ်၊ စာပေလေ့လာဖတ်ရှုခြင်း၊ ပုံပြင်ဖတ်ရှုခြင်းများအဆင်ပြေစေရန်အတွက် နေ့စဉ် အလှည့်ကျတာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကတော့ အခြေခံပညာကျောင်းတွေ အ.ထ.က(၂)အင်းစိန်၊ အ.လ.က(၉)အင်းစိန်ရဲ့စာကြည့်တိုက်ခန်းများဖြစ်ပါတယ်။ အ.ထ.က(၁)တောင်ကြီး ဖြစ်ပါတယ်။ အ.ထ.က(၁)ဇေယျာသီရိ ဖြစ်ပါတယ်။ အ.ထ.က(၅)နေပြည်တော်၊ အ.ထ.က(၆)နေပြည်တော် ဖြစ်ပါတယ်။ အ.ထ.က(၂)ပျဉ်းမနား၊ ဆက်လက် တင်ပြခွင့်ကို လေးစားစွာတင်ပြအပ်ပါတယ်။ အ.ထ.က(၁၆)မန္တလေး ဖြစ်ပါတယ်။ အ.ထ.က(၁)သာစည်၊ အ.လ.က သိမ်ဇရပ်၊ အ.ထ.က မန်ကျည်းပင်(တပ်ကုန်း)၊ အ.ထ.က(၁၈)နေပြည်တော်၊ အ.လ.က(၂)တာမွေ။ ဒါသည် အောက်တိုဘာလတုန်းက သွားရောက်ပြီးတော့မှ စာကြည့်တိုက်အသစ် Pilot Project အနေနဲ့ ၁၅ ကျောင်း ဆောင်ရွက်တဲ့အခါမှာ ဖွင့်လှစ်လိုက်တဲ့ကျောင်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံ ပန်းချီဆရာအသင်းကနေပြီးတော့မှ စာကြည့်တိုက်တွေမှာ ကလေးတွေစိတ်ဝင်စားဖို့လို့အတွက် စီစဉ်ဆောင်ရွက်ပေးပါတယ်။ ဒါကတော့ အခြေခံပညာ။ အဆင့်မြင့်ပညာဦးစီးဌာနအနေနဲ့ အဆင့်မီကျွမ်းကျင်သော အရည်အချင်းရှိသည့် စာကြည့်တိုက်မှူးများ၊ ဝန်ထမ်းများဖြစ်လာစေရန်အတွက် အရည်အချင်းသတ်မှတ်ချက်များနှင့်ပြည့်မီသော လက်ထောက်စာကြည့်တိုက်မှူးများအား စာကြည့်တိုက်မှူးအဖြစ်သို့လည်းကောင်း၊ စာကြည့်တိုက်လက်ထောက်(၂)များအား လက်ထောက် စာကြည့်တိုက်မှူးအဖြစ်သို့လည်းကောင်း ရာထူးတိုးမြှင့်ခန့်ထားသင်တန်းပေးဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်၊ ဒီကရီကောလိပ်၊ ကောလိပ်များမှ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများအတွက် အကျိုးရှိအောင် စာကြည့်တိုက်များကို ယခင်ဖွင့်လှစ်တဲ့အချိန်ထက် အချိန်တိုးမြှင့်စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်မှာဆိုရင် စနေရော၊ တနင်္ဂနွေရော အချိန်ပြည့် စာကြည့်တိုက်တွေ ဖွင့်ပေးပါတယ်။ မန္တလေးတက္ကသိုလ်မှာတော့ စနေနေ့ပါဖွင့်လှစ်စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

စာကြည့်တိုက်များတွင် စာအုပ်များ စုဆောင်းထားရှိနိုင်ရေးအတွက် ဘာသာရပ်ဌာနဆိုင်ရာများမှ ဝယ်ယူလိုသောစာအုပ်စာရင်းများကို ဝယ်ယူဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ဘာသာရပ်အစုံဂျာနယ်များပါဝင်သော e-database ရှိ Elton Bryson Stephens Company Best Wishes (EBSCO) Discovery Service Online Resources များတွင် ပညာရပ်စုံ E-Books များ၊ ပညာရပ်ဆိုင်ရာဂျာနယ်များ ဝယ်ယူဖြည့်ဆည်း၍ မိမိဌာန၊ မိမိအိမ်များမှ ၂၄ နာရီအသုံးပြုနိုင်ရန် User Name, Password များ စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိပါတယ်။ ဒါကတော့ ရန်ကုန်တက္ကသိုလ်ဖြစ်ပါတယ်။ ဒါက ရန်ကုန်စီးပွားရေးတက္ကသိုလ်စာကြည့်တိုက် ဖြစ်ပါတယ်။ ဒါက အရှေ့ပိုင်းတက္ကသိုလ်စာကြည့်တိုက် ဖြစ်ပါတယ်။ ဒဂုံတက္ကသိုလ်စာကြည့်တိုက်ဖြစ်ပါတယ်။ အနောက်ပိုင်းတက္ကသိုလ်စာကြည့်တိုက် ဖြစ်ပါတယ်။ ဒါကတော့ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ စာကြည့်တိုက်ရဲ့

သုတေသနဌာနဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါကတော့ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာရှိတဲ့ ဂျာနယ်တွေ၊ ကျမ်းတွေကို၊ Thesis တွေကို ထားရှိတဲ့အခန်းဖြစ်ပါတယ်။ ဒါကတော့ ပါရဂူကျမ်းတွေကို ထားရှိတဲ့အခန်း ဖြစ်ပါတယ်။ ဒါကတော့ Electronic Database Online ဖြစ်ပါတယ်။ ၂၄ နာရီ အသုံးပြုလို့ရပါတယ်။ ဒါက Offline အသုံးပြုလို့ရတဲ့ e တက္ကသိုလ် Library ဖြစ်ပါတယ်။ ဒါကတော့ Library Services နဲ့ Circulation ဖြစ်ပါတယ်။ ဒါကတော့ Catalogue နမူနာပုံစံ ဖြစ်ပါတယ်။ ဒါကတော့ Online Catalogue System ဖြစ်ပါတယ်။ ဒါကို ကျောင်းသားကျောင်းသူတွေအနေနဲ့ Online ကနေပြီးတော့မှ ဆောင်ရွက်လို့ရပါတယ်။ ဒါကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ Website က ပုံ ဖြစ်ပါတယ်။ ဒါကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ Online Catalogue ဖြစ်ပါတယ်။ ဒီဟာသည် အင်မတန်ကောင်းပါတယ်။ နိုင်ငံတကာကနေလည်းပဲ ဒီ Database ကို၊ Online Catalogue ကို အသုံးပြုနေတာကို ကျွန်တော်တို့မှတ်တမ်းများနှင့်တင်ပြနိုင်ပါတယ်။ ဒါက E-circulation ဖြစ်ပါတယ်။ ဒါက ပညာရေးတက္ကသိုလ် ဖြစ်ပါတယ်။ ဒါကတော့ ကျန်တဲ့တက္ကသိုလ်တွေရဲ့စာကြည့်တိုက်တွေကို တင်ပြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆင့်မြင့်ပညာဦးစီးဌာနအနေနဲ့လည်း စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ဖို့လို့အတွက် စာကြည့်တိုက်နှင့် သုတပညာဘာသာရပ်ကို ရိုးရိုးတန်း၊ မဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ စာကြည့်တိုက်ဝန်ထမ်းများ စာကြည့်တိုက်လုပ်ငန်းခွင်အတွေ့အကြုံများ ရရှိစေရန်အတွက် စာကြည့်တိုက်နှင့်သုတပညာဒီပလိုမာသင်တန်းကိုလည်းပဲ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ စာကြည့်တိုက်များတွင် လက်တွေ့သင်တန်းဆင်းခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အာလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ ပညာရေးဝန်ကြီးဖြေသွားပေးတာ ပြည့်စုံရှိပါပြီ။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်မ တစ်ဆက်တစ်စပ်တည်းမေးချင်တာကတော့ ဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်တော်တို့ဒေသဆိုင်ရာနှင့်ပြင်ပ အဖွဲ့အစည်းဖောင်ဒေးရှင်းကနေပြီးတော့မှ ပူးပေါင်းဆောင်ရွက်နေပါတယ်ဆိုတာကို ပြောသွားတာ ကြားလိုက်ပါတယ်။ အဲဒီအပေါ်မှာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဟာ ဘယ်လောက်အတိုင်းအတာနဲ့စီမံကိန်းဆွဲထားလဲ။ ပြီးလို့ရှိရင် ဘယ်တော့ Expanded Time Duration က ဘယ်လောက်ပါလဲ။ အဲဒါလေး သိပါရစေရှင့်။ နောက်တစ်ခုက ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများအတွက် အစီအမံတွေမှာ တချို့ ပြောသွားတာတွေတော့ ရှိပါတယ်။ အဲဒီတော့ ထပ်လောင်းပြီးမေးချင်တာကတော့ အဲဒီအစီအမံထဲမှာ ကျောင်းသူကျောင်းသားတွေက အရင်အဆက်ဆက်က စာကြည့်တိုက်အားနည်းနေတဲ့အတွက် စိတ်ဝင်စားမှုနည်းနေပါတယ်။ အဲဒီလို စိတ်ဝင်စားလာအောင် ဘယ်လိုများ ထပ်ပြီးစီမံပေးမလဲ။ ဘယ်လိုပုံစံနဲ့စီမံပေးမလဲ။ နောက်ပြီးတော့မှ အဲဒီသူတို့ရဲ့သွားတဲ့ Attended တွေကို Putting ဖြစ်အောင်လို့၊ အာနိသင်ရှိအောင်လို့ ဘယ်လို သူတို့ရဲ့ Out Less၊ သူတို့ရဲ့ Over view၊ Review ကို ဘယ်လိုစီမံဆောင်ရွက်မလဲ။ ဥပမာ Marking Skill တို့လိုမျိုးပါအောင် ဆောင်ရွက်ပေးနိုင်ပါသလား။

ပြီးတော့မှ ဒီလိုထွက်လာတဲ့ဟာကို စကားဝိုင်းအနေနဲ့ပဲဖြစ်ဖြစ်၊ သူတို့ရဲ့အရည်အချင်း၊ အရည်အသွေးတွေကို ဘယ်လို Manage လုပ်ပေးနိုင်မလဲဆိုတာ မေးမြန်းပါရစေရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပြီးခဲ့တဲ့နှစ်ကတော့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ အခုတုန်းကတင်ပြခဲ့တဲ့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ MBAPE၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ကျန်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့မှ Pilot Project အနေနဲ့ စာကြည့်တိုက်၊ ကျောင်း ၄၀ မှာ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်မှာ လေးနေရာမှာ ကျောင်း ၄၀ ကို ကျွန်တော်တို့အခုနတုန်းက Power Point မှာပါတဲ့ စာကြည့်တိုက်အခန်းတွေပုံစံ ဖြစ်အောင် ကျွန်တော်တို့စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာတော့ ဒီဟာကို ဆက်လက်ပြီးတော့တိုးချဲ့နိုင်ဖို့လို့အတွက် ကျောင်းပေါင်း ၁၀၀ မှန်းထားပါကြောင်း၊ ရည်မှန်း ပြီးတော့ ကျွန်တော်တို့စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရက်တဲ့အခါမှာတော့ အခုနတုန်းက အခြေခံပညာကျောင်းတွေမှာ ကလေးတွေ စိတ်ဝင်စားဖို့လို့အတွက် ပန်းချီတွေဆွဲတာကတော့ မြန်မာနိုင်ငံပန်းချီအသင်းက မေတ္တာနဲ့အခမဲ့ကူညီတာဖြစ်တဲ့အတွက် ဒီဟာကိုတော့ ကျောင်းပေါင်း ၁၀၀ လုံးမှာ စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့လို့အတွက်ကတော့ သူတို့ရဲ့စေတနာမေတ္တာနဲ့ကူညီတဲ့အပေါ်မှာ မူတည်ပါတယ်။ စာကြည့်တိုက်အခန်းကို အခုနတုန်းက စာကြည့်တိုက်စင်တွေ၊ လိုအပ်တဲ့ စာရွက်၊ စာအုပ်၊ စာတမ်းတွေ။ ဒါတွေကို ကျွန်တော်တို့ဖြည့်ဆည်းတာကတော့ ကျောင်းပေါင်း ၁၀၀ အထိကို ဖြည့်ဆည်းဆောင်ရွက်ဖို့လို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုကျောင်းစာကြည့်တိုက်တွေကို အခြေခံပညာကျောင်းတွေမှာရော၊ အဆင့်မြင့်ပညာတက္ကသိုလ်၊ ဒီကရီ၊ ကောလိပ်တွေမှာရော ဒါကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကျောင်းသားကျောင်းသူတွေ စာကြည့်တိုက်အသုံးပြုပြီး စာများများဖတ်ဖို့ဆိုတာကတော့ အထူးသဖြင့် အခြေခံပညာကျောင်းတွေမှာကတည်းက ကလေးတွေသည် စာဖတ်တဲ့ အလေ့အကျင့်ကောင်းတွေ ပါလာအောင် ဆောင်ရွက်ဖို့လို့အတွက် အရေးကြီးပါတယ်။ ဒီလိုကလေးတွေဟာ စာကြည့်တိုက်ကို များများအသုံးပြုပြီး စာများများဖတ်ဖို့ ဆိုရင်တော့ မိဘဆရာအသင်းတွေ၊ အထူးသဖြင့် ဆရာဆရာမတွေနဲ့ မိဘတွေ၊ အုပ်ထိန်းသူတွေ၊ ပြည်သူတွေရဲ့ပူးပေါင်း ပါဝင်ဆောင်ရွက်မှုသည် အင်မတန်အရေးကြီးပါတယ်။ မိဘတွေ၊ အုပ်ထိန်းသူတွေ၊ ပြည်သူတွေက ကလေးတွေ စာကြည့်တိုက်အသုံးပြုတဲ့အချိန်တွေ၊ စာများများဖတ်တဲ့အချိန်တွေရအောင် အားပေး ဆောင်ရွက်ဖို့အတွက် အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းတွေမှာ မိဘတွေ၊ အုပ်ထိန်းသူတွေ၊ ပြည်သူတွေ၊ ကျောင်းသားဟောင်းတွေလည်းပါတယ်။ အလှူရှင်တွေလည်းပါတယ်။ ဆရာဆရာမတွေနဲ့ ကျောင်းသားကျောင်းသူတွေနဲ့ ဒါတွေကို အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အထဲမှာလည်း ပါတဲ့အတိုင်းပဲ စကားဝိုင်းဆွေးနွေးပွဲတွေနဲ့ ဒါတွေကို ကျောင်းတိုင်းမှာပါဆောင်ရွက်မှ ဒါကို ကျောင်းစာကြည့်တိုက် အသုံးပြုမယ်။ စာများများဖတ်တဲ့အလေ့အကျင့်တွေရရှိအောင် ကျွန်တော်တို့စီစဉ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ စာများများဖတ်ပြီး များများသင်ယူဖို့အတွက်ကို

အားပေးပြီးတော့မှ တစ်သက်တာလုံး သင်ယူမှုအလေ့အကျင့်ကောင်းတွေ ရရှိဖို့လို့အတွက်ဟာ အင်မတန်အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ ဒီဟာ သည် ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အားလုံးက ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရင်တော့ ဒါသည် အချိန်တို အတွင်း အောင်မြင်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**သက်တမ်း ၅၆ နှစ်ကြာမြင့်နေပြီဖြစ်သော အ.မ.က(ကြူတော)ကျောင်းဆောင်ဟောင်းအား မွမ်းမံပြင်ဆင်ပေးရန်နှင့် ကျောင်းဆောင်စာသင်ခန်းနှင့် ကျောင်းသားဦးရေ လွတ်လပ်မျှတစွာတန်းခွဲစနစ်ဖြင့် သင်ကြားနိုင်ရေးအတွက် (၆၀ ပေ x ၃၀ ပေ)တိုးချဲ့ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ချထားပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေအတွင်း ကြူတော အုပ်စုရှိ အခြေခံမူလတန်းကျောင်း ကြူတောမှာ အလျား ၉၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၅ ပေ၊ သစ်သားအုပ်ညှပ်တစ်ထပ်အဆောက်အဦဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်တွင် ၀.၅၅ ဧကရှိမြေကွက်ပေါ်တွင် တည်ဆောက်ပြီး လန ၃၉ ရရှိပြီးသော ပညာရေးဌာနပိုင်မြေကွက်လပ်လည်းဖြစ်ပါတယ်။ အ.မ.က ကြူတောကျောင်းဆောင်ကို ကျေးရွာမိဘပြည်သူများရဲ့ စုပေါင်းထည့်ဝင်ငွေ ၅၀၀၀ ကျပ်ဖြင့်သာ တစ်ထပ်ကျောင်းဆောင်အဖြစ် ၁၉၆၂ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ကျောင်းဆောင်သက်တမ်းမှာ ၅၆ နှစ်ခန့်ကြာမြင့်ပြီး ကျောင်းဆောင်ဟောင်းမှာ အုပ်နံရံများကွဲအက်ခြင်း၊ နံရံအင်္ဂတေများကွာကျခြင်း၊ အောက်ခြေအုပ်ခုံများ ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးလာခြင်း၊ ကျောင်းဆောင်၏ ပြင်ပတိုင်တချို့မှာ အောက်ခံကျင်တွယ်တိုင်မှ ဆွေးမြည့်ပြုတ်ထွက်တိမ်းစောင်းနေပြီး ကြံ့ခိုင်မှုအားနည်းနေပြီဖြစ်ပါတယ်။ ပြင်ဆင်ထိန်းသိမ်းရန်လိုအပ်နေသော ကျောင်းဆောင်ဟောင်းဖြစ်ပါတယ်။ ကျောင်းသားဦးရေ ၁၁၀ စာသင်ကြားလျက်ရှိပြီး တန်းခွဲများနီးကပ်စွာ ဘေးချင်းယှဉ်ပြီး တစ်ဆက်တည်းရောထွေးသင်ကြားရသဖြင့် သင်ကြားခြင်းထိရောက်မှုအားနည်းခြင်း၊ ထိန်းသိမ်းမှုခက်ခဲခြင်းနှင့် KG တန်းကလေးငယ် ၁၅ ဦးမှာလည်း ၎င်းကျောင်းဆောင်အတွင်း၌သာ သင်ကြားနေရခြင်းကြောင့် သင်ကြားသင်ယူမှုပြဿနာများ ပိုမိုရှုပ်ထွေးစေပြီး အဆင်မပြေမှုများကို ကြာမြင့်စွာရင်ဆိုင်ဖြေရှင်း သင်ကြားပို့ချနေရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထူးတင်ပြလိုသည်မှာ မိမိမဲဆန္ဒနယ်မြေအတွင်းမှာ ယခုတင်ပြတဲ့ကျောင်းကို ကျွန်တော်ရောက်ပါတယ်။ ယခင်က ပညာရေးဌာနသို့ လေးကြိမ်လောက်တင်ပြထားခဲ့ပြီး ကျွန်တော်တို့ရောက်ရှိတဲ့အခါမှာ စစ်ဆေးကြည့်ရှုပြီး ထောက်ခံတင်ပြပေးခဲ့ပါတယ်။ ဦးစားပေးအဆင့်(၁)အဖြစ် သတ်မှတ်ဖော်ပြပေးခဲ့ပါတယ်။ နှစ်ကြိမ်တိုင်ထောက်ခံသဘောထားပြုခဲ့သော်လည်း ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် ယခုလို မေးမြန်းရခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ကိုယ်စားလှယ်များက ဦးစားပေးဆောင်ရွက်ရမယ့်အစီအစဉ်များကို

မြို့နယ်ပညာရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပေမဲ့ ပြန်လည်ချထားပေးတဲ့အခါမှာ အထူးပြုအစီအစဉ်မှာအတိုင်းမဟုတ်တဲ့အပြင် သတ်မှတ်ခြင်းမရှိတဲ့ကျောင်းများပါ ပါဝင်လာတာတွေ့ရပါတယ်။ ၎င်းသတ်မှတ်ပေးတဲ့အစီအစဉ်ကို စိစစ်အတည်ပြုရန်ဟု ပြန်ကြားခဲ့ပါတယ်။ ယခုနှစ် KG ကျောင်းဆောင်များချထားပေးမှု သတ်မှတ်အစီအစဉ်မှာလည်း ယမန်နှစ်ကအတိုင်း ပါဝင်လာတယ်လို့ သိရှိရပါတယ်။ မြို့နယ်ပညာရေးဌာနသို့ မေးမြန်းရာတွင် တိုင်းဒေသကြီးမှ ချထားသတ်မှတ်ပေးထားခြင်းသာဖြစ်သည်ဟု ပြန်ကြားပါတယ်။ ဒီဖြစ်စဉ်များဟာ အောက်ကနေအပေါ်ကိုသွားတဲ့ Bottom up ပုံစံလား၊ Top to Down အပေါ်ကအောက်ကိုဆင်းလာတဲ့ဖြစ်စဉ်လား၊ ဒါမှမဟုတ် အချင်းချင်း အပေါ်အောက်ချိတ်ဆက်တဲ့ အလျှားလိုက်ဖြစ်စဉ်လား၊ အခန်းဆက်ဇာတ်လမ်းတွဲလား၊ သွေးမတိတ်တဲ့အနာလားစဉ်းစားစရာရှိနေပါတယ်။ ဒီလိုဖြစ်စဉ်များ လွန်မြောက်ဖို့အတွက် လွှတ်တော်မှာ ယခုလို မေးမြန်းရန်ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သက်ဆိုင်ရာသို့မေးလိုတဲ့မေးခွန်းကတော့ သက်တမ်း ၅၆ နှစ်ကြာပြီဖြစ်တဲ့ ကြံ့ခိုင်မှုအားနည်းနေတဲ့ ဒီ အ.မ.က ကြူတောကျောင်းဆောင်ဟောင်းကို မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ နောက်တစ်ခုက ကျောင်းဆောင်၊ စာသင်ခန်းနှင့် ကျောင်းသားဦးရေ၊ KG တန်းအပါအဝင် လွတ်လပ်မျှတစွာ တန်းခွဲစနစ်ဖြင့် သင်ကြားပို့ချနိုင်ရေးအတွက် တိုးချဲ့ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိသိလိုပါ၍ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၏မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့လေးစားစွာ တင်ပြအပ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ ငွေလုံးငွေရင်းတည်ဆောက်ရေးတွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်မှာရှိတဲ့ အခြေခံပညာကျောင်းဆောင်များ တည်ဆောက်ရေးအပါအဝင် လုပ်ငန်း ၁၉ ခုအား မြို့နယ်ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကြူတော အခြေခံပညာမူလတန်းကျောင်းတွင် (ပေ ၉၀ x ပေ ၃၀)သွပ်မိုး အုပ်ညှပ်တစ်ထပ်ဆောင်ရှိပါတယ်။ ကျောင်းသားစာရင်းအနေနဲ့ KG တန်းမှာ ၁၅ ဦး၊ ပထမတန်းတွင် ၂၇ ဦး၊ ဒုတိယတန်းတွင် ၂၇ ဦး၊ တတိယတန်းတွင် ၁၇ ဦးနှင့် စတုတ္ထတန်း(Grade-5)တွင် ၂၄ ဦး စုစုပေါင်းကျောင်းသားကျောင်းသူ ၁၁၀ ဦးသာရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကတော့ ကြူတော အခြေခံပညာမူလတန်းကျောင်းရဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ (ပေ ၉၀ x ပေ ၃၀) အုပ်ညှပ်တစ်ထပ်ဆောင်ရှိပါတယ်။ အုပ်ညှပ်တစ်ထပ်ဆောင် (ပေ ၉၀ x ပေ ၃၀)ဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူ ၁၀၀ ဝန်းကျင်ပဲရှိတဲ့အတွက် ဒါသည် စာသင်ခန်း ၅ ခန်းပဲရှိတာဖြစ်တဲ့အတွက် ၂၀ လောက်သည် ဒါ (၁၀ပေ x ပေ ၃၀)မှာ ကျွန်တော်တို့ ဒီဟာသည် ကျောင်းသားကျောင်းသူဦးရေ လုံလောက်မျှတစွာနှင့်

စာသင်ခန်းတွေမှာ သင်ကြားနေနိုင်တာကိုလည်းပဲ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်မှာ ဒီကျောင်းသည် ကျောင်းဆောင်သစ်တစ်ဆောင်လိုအပ်တဲ့အတွက် တင်ပြတောင်းခံတဲ့အခါမှာ ကျောင်းသားဦးရေရဲ့ကျောင်းဆောင်နဲ့ မျှတမှုရှိတဲ့အတွက်ကြောင့်မို့လို့ ဦးစားပေးထဲမပါသွားခြင်းဖြစ်ပါတယ်။ အခု ထပ်မံပြီးတော့လည်း ကြူတော အခြေခံပညာမူလတန်းကျောင်းမှာ ထပ်မံလိုအပ်နေတဲ့ ကျောင်းဆောင်တစ်ဆောင်(၆ဝ ပေ x ၃ဝ ပေ)အတွက် Steel Structure တစ်ထပ်ဆောင် ကျောင်းဆောင်ဆောက်လုပ်ပေးရန်အတွက် လိုအပ်တဲ့ရန်ပုံငွေကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်သို့ ရောက်ရှိမှသာ ဘဏ္ဍာရေးနှစ်ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ခွဲဝေရရှိမည့်ရန်ပုံငွေအခြေအနေပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပြီး လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကျောင်းကတော့ ကျောင်းဆောင်အခြေအနေနဲ့ ကျောင်းသားဦးရေသည် မျှတမှုရှိနေတာတွေ့ရပါတယ်။ ကျန်တဲ့ ဒီထက်အခြေအနေအများကြီးဆိုးတဲ့ အန္တရာယ်ရှိကျောင်းဆောင်တွေ၊ ကျောင်းသားဦးရေနဲ့စာသင်ခန်းနဲ့ အချိုးမမျှတတဲ့ကျောင်းဆောင်တွေသည် အများကြီးရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းတွေကို ဦးစားပေးရမှာဖြစ်တဲ့အတွက် ဒီကျောင်းကတော့ တန်းစီတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ အာမခံနိုင်ခြင်းမရှိပါဘူး။ ရန်ပုံငွေခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ထွက်ခွာနိုင်ပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်ထွန်းခိုင်(ဥက္ကဋ္ဌ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ တာဝန်ပေးထားသော၊ ခန့်အပ်ထားသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့ တင်သွင်းမယ့် ပြည်သူ့ရေးစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပါ့မယ်။

**ကော်မတီဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆၊ ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်၊

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြည်သူ့ လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ (၃၃/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီးထပ်မံပြင်ဆင်၍ ပြည်သူ့ လွှတ်တော်ရုံးမှ အမိန့်ကြော်ငြာစာအမှတ်၊ (၃၉/၂၀၁၆)၊ (၁၄/၂၀၁၇)၊ (၁၅/၂၀၁၇)၊ (၁/၂၀၁၇)တို့ဖြင့် အစားထိုးပြောင်းလဲ တာဝန်ပေးအပ်ခဲ့သဖြင့် ယခုလက်ရှိကော်မတီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးနှင့် လေ့လာသူတပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး စုစုပေါင်း ၂၀ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကျွန်တော်တို့ ပြည်သူ့ရေးရာကော်မတီရဲ့တာဝန်များမှာ (က) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပါမည်။ (ခ) အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများ၏ ဘဝရှင်သန်တိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပါမည်။ (ဂ) နိုင်ငံ့ဝန်ထမ်းများ၏လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အငြိမ်းစားဝန်ထမ်းများ၊ စားဝတ်နေမှု သက်သာချောင်ချိရေးအတွက် ကူညီဆောင်ရွက်ရပါမည်။ (ဃ) ဘာသာသာသနာရေးဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ရပါမည်။ (င) အမျိုးသားမှတ်ပုံတင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို ကြီးကြပ်ကူညီဆောင်ရွက်ပါမည်။ (စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများမှ ကျင့်သုံးလျက်ရှိသောဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသင့်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရပါမည်။ (ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြပ်ထိန်းသိမ်းရပါမည်။ (ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီး၊ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌ မှတစ်ဆင့် လွှတ်တော်သို့တင်ပြ အစီရင်ခံရပါမည်။

**တိုင်ကြားစာများ ဆောင်ရွက်မှုအခြေအနေ**

ကော်မတီသို့ ဒေသအသီးသီးက ပြည်သူ့ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဒုတိယသက်တမ်းကာလအတွင်း ပြည်သူလူထုအကူအညီတောင်းခံရရှိထားသော တိုင်ကြားစာများ၊ အသနားခံစာများ ၁၇၀ စောင်နှင့် ယခင်နှစ် အမှုတွဲလက်ကျန် ၁၄ စောင် စုစုပေါင်း ၁၈၄ စောင်ကို ဆောင်ရွက်လျက်ရှိပါသည်။ သက်ဆိုင်ရာဌာနမှ ပြန်ကြားလာသည့် ပြန်ကြားစာပေါင်း ၅၀ စောင်ရှိခြင်းနဲ့ ၄၆ စောင်ကို တိုင်ကြားသူများထံသို့ပေးပို့၍ လိပ်စာအပြည့်အစုံဖော်ပြပြီး ပြန်ကြားပေးခဲ့ပါသည်။ အမှုတွဲများနှင့် ကော်မတီမှ ဆက်လက်ဆောင်ရွက်ရန် မသင့်တော်သောဝင်စာများ မှတ်တမ်းအဖြစ် ၈၀ စောင် ထားရှိခဲ့ပြီးတော့ မိမိကော်မတီနှင့်မသက်ဆိုင်သည့် တိုင်စာအမှုတွဲများကိုလည်း သက်ဆိုင်ရာကော်မတီများသို့ နှစ်စောင်လွှဲပြောင်းခဲ့ပြီးဖြစ်ပါသည်။ ဥပဒေများပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်းကို ရုပ်သိမ်းခြင်း၊ ကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် လောင်းကစားဥပဒေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပတ်သက်သည့် ပြည့်တန်ဆာဥပဒေဆိုင်ရာဥပဒေများကို ယခုလက်ရှိဆောင်ရွက်နေလျက် ရေးဆွဲလျက်ရှိပါသည်။ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ကော်မတီသည် ပြည်တွင်း၊ ပြည်ပ

အဖွဲ့အစည်းများဖြစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဂုဏ်သတင်းအသင်း၏ မူဝါဒ၊ လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်းတစ်ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် UFD မှ စီစဉ်၍ အင်္ဂလန်နိုင်ငံမှ အထက်လွှတ်တော်အမတ်နှင့် တွေ့ဆုံဆွေးနွေးခြင်းနှစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

**ပြည်ပခရီးသွားရောက်မှု**

ပြည်သူ့လွှတ်တော်၏ တာဝန်ပေးချက်အရ ကော်မတီအဖွဲ့ဝင် ဒေါက်တာလင်းလင်းကျော်သည် ကမ္ဘောဒီးယားနိုင်ငံသို့လည်းကောင်း၊ ဦးမင်းကြည်သည် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ဦးလွင်ကိုလတ်သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာသို့လည်းကောင်း၊ ဦးတင့်စိုးသည် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ဒေါက်တာဒေါ်ပြုံးသည် ဗီယက်နမ်နိုင်ငံသို့လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒေါ်ဇင်မာအောင်သည် ကိုလန်ဗီယာနိုင်ငံသို့လည်းကောင်း၊ ဒေါ်ခင်သန်းနုသည် အင်ဒိုနီးရှားနိုင်ငံသို့လည်းကောင်း ခုနစ်ကြိမ်သွားရောက်ခဲ့ပါသည်။

**ကော်မတီမှ တာဝန်ယူစောင့်ကြည့်ထိန်းသိမ်းရေးဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ**

ကော်မတီက တာဝန်ယူစောင့်ကြည့်ထိန်းသိမ်းရမည့်ဝန်ကြီးဌာနများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အဂတိလိုက်စားရေးကော်မရှင်တို့ဖြစ်ပါသည်။ ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများမှာ ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေမှာ ၄၇ ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် သက်ဆိုင်သည့်ဥပဒေ ၁၅ ခု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ဥပဒေ ၅ ခု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်သက်ဆိုင်သည့်ဥပဒေ တစ်ခုတို့ဖြစ်ပါတယ်။ စုစုပေါင်း ၆၈ ခုဖြစ်ပါသည်။

**သုံးသပ်ချက်**

ကော်မတီအနေနဲ့ ယနေ့ထိ လက်ခံရရှိသောတိုင်ကြားစာအချို့နှင့်ပတ်သက်၍ လိုအပ်သည့် ကွင်းဆင်းလေ့လာခြင်းများနှင့် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ကွင်းဆင်းရန်လိုအပ်သည့်ကိစ္စများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ကိုရယူ၍ ကွင်းဆင်းလေ့လာကြားနာခြင်းဖြင့် သက်ဆိုင်ရာဌာနများအပေါ် သဘောထားမှတ်ချက်များပြုလုပ်ရာတွင် ပိုမိုထိရောက်ပြီးတော့ ပြည်သူများ၏ယုံကြည်မှုကို ပိုမိုရရှိရမည်ဖြစ်ပါသည်။ ကော်မတီအနေဖြင့် ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများပြုလုပ်ရာတွင် သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ဥပဒေသက်ရောက်မှု နယ်ပယ်၏ အဓိက ဆက်စပ်သက်ဆိုင်သည့် ပြည်သူလူထုသို့မဟုတ် ပြည်သူလူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံကြားနာခြင်းများပြုလုပ်ရာတွင် အခက်အခဲများလိုအပ်ချက်များ ရှိနေသေးကြောင်း သုံးသပ်ရရှိပါသည်။

**နိဂုံး**

**မူကြမ်း**

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိသောဥပဒေများနှင့် သင့်တင့်လျော်ညီရန် ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်စောင့်ကြည့်ထိန်းညှိခြင်း၊ ပြည်သူ့ဗဟိုပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံကြားနာမှုများပြုလုပ်ခြင်းတို့အပြင် ပြည်သူ၏တိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်ဆောင်ရွက်၍ ပြန်ကြားလာသည့်စာများ တိုင်ကြားသူထံပို့ဆောင်လျက်ရှိပါသည်။ ကော်မတီအနေနှင့် ပြည်သူ့လွှတ်တော်မှပေးအပ်သော လုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်သူ့လွှတ်တော်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏အစီရင်ခံစာ

## အစီရင်ခံစာအမှတ်စဉ်(၂/၂၀၁၈)

## ( ၂၆.၂.၂၀၁၇ ရက်နေ့မှ ၂၆.၂.၂၀၁၈ ရက်နေ့အထိ )

### နိဒါန်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့နှင့်အညီ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ ပေးပို့လာသော တိုင်ကြားစာအမှုတွဲ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကော်မတီက လေ့လာစိစစ်ရမည့်ဥပဒေ ၆၈ ခုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့သည့် အခြေအနေအပါအဝင် ကော်မတီလုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန် အစီရင်ခံစာပြုစုတင်ပြရခြင်းဖြစ်ပါသည်။

### ရည်ရွယ်ချက်

၃။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အရေးကိစ္စများကို ထိရောက်လျှင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၆) ဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပြီး ထပ်မံပြင်ဆင်၍ ပြည်သူ့လွှတ်တော်ရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၆)၊ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၇)၊ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)၊ အမိန့်အမှတ် (၁/၂၀၁၇)တို့ဖြင့် အစားထိုးပြောင်းလဲတာဝန် ပေးအပ်ဖွဲ့စည်းခဲ့သဖြင့် ယခုလက်ရှိကော်မတီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၈) ဦးနှင့် လေ့လာသူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၂) ဦး စုစုပေါင်း ၂၀ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ကော်မတီဝင်များ**

၅။ ယခုလက်ရှိ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဦးအောင်ထွန်းခိုင် (ခ)ဦးချိန်ဝင်း | ရေးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဌေးလွင် ခ)ဦးဒီလုံး | နမ့်စန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်ကျော်ဇံ | ပေါက်တောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းနိုင် | မိုးကောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးပေါလ်ဆိုင်း | ဒီးမော့ဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ဇင်မာအောင် | ရန်ကင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဒေါ်ပြုံး | အင်းတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ခင်သန်းနု | မင်းတုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဦးလင်းလင်းကျော် | မြစ်သားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမင်းသိန်း | ငါန်းဇွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးမင်းကြည် | သံတွဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးလွင်ကိုလတ် | သန်လျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာဦးထွန်းလင်းမော် | ကြံခင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးစိုးဝင်း | တပ်မတော်သား | အဖွဲ့ဝင် |

မူကြမ်း

| | | | |
|---|---|---|---|
| | | ကိုယ်စားလှယ် | |
| (ဏ) | ဦးမင်းသိုင်း | ဘိုကလေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးဝင်းဆွေ | မော်လမြိုင်ကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးအောင်သန်း | သဲကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဒ) | ဦးတင့်စိုး | ဖားကန့်မဲဆန္ဒနယ် | အတွင်းရေးမှူး |
| (ဓ) | ဗိုလ်မှူးကြီးထွန်းသန်းအုန်း | တပ်မတော်သား | လေ့လာသူ |
| | | ကိုယ်စားလှယ် | |
| (န) | ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ | တပ်မတော်သား | လေ့လာသူ |
| | | ကိုယ်စားလှယ် | |

**ကော်မတီ၏သက်တမ်း**

၆။ ကော်မတီ၏သက်တမ်းသည် ကော်မတီစတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၇။ ကော်မတီ၏သက်တမ်းသည် ၂၆.၂.၂၀၁၈ ရက်နေ့တွင် ဒုတိယသက်တမ်းကာလ (၁)နှစ်ပြည့်မြောက်ပြီးဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ကော်မတီ၏သက်တမ်းကိုတစ်နှစ် ထပ်မံတိုးမြှင့်ပေးခဲ့ပါသည်။

**ကော်မတီ၏တာဝန်များ**

၈။ ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်၊

(ခ) အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏ ဘဝရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ရမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေး ကူညီဆောင်ရွက်ရမည်၊

(ဃ) ဘာသာ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ရမည်၊

(င) အမျိုးသားမှတ်ပုံတင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို ကြီးကြပ်ကူညီဆောင်ရွက်ရမည်၊

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်၊

(ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်၊

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၉။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်(၈)ရပ်ရှိသည့်အနက် ကော်မတီသို့ တိုင်းဒေသကြီး/ပြည်နယ်ဒေသအသီးသီးမှပေးပို့လာသော တိုင်ကြားစာ၊ အသနားခံစာများအား လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ခြင်း၊ လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေများအား ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းနှင့် ရုပ်သိမ်းခြင်းစသည့် လုပ်ငန်းတာဝန်များ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ကော်မတီတွင် အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများအပြင် ကော်မတီဝင်များက အစုအဖွဲ့အလိုက် တာဝန်ခွဲဝေ၍ တိုင်ကြားစာများအား ဖတ်ရှုလေ့လာအကြံပြုခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပါသည်။

**တိုင်ကြားစာများ ဆောင်ရွက်ထားရှိမှုအခြေအနေ**

၁၀။ ကော်မတီသို့ ဒေသအသီးသီးက ပြည်သူ့ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဒုတိယသက်တမ်းကာလအတွင်း ပြည်သူလူထုမှ အကူအညီတောင်းခံရောက်ရှိလာသည့် တိုင်ကြားစာ၊ အသနားခံစာအမှုတွဲစုစုပေါင်း (၁၇၀)စောင်နှင့် ယခင်နှစ် အမှုတွဲလက်ကျန် (၁၄)စောင် စုစုပေါင်း (၁၈၄)စောင်ကို ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ တိုင်ကြားစာများအနက် အချက်အလက်ခိုင်လုံသော တိုင်စာ၊ အမှုတွဲများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားချက်များနှင့်အညီ တိုင်ကြားစာစောင်ရေ (၇၆)စောင်ကို ဆက်လက်ပေးပို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာဌာနမှ ပြန်ကြားလာသည့် ပြန်ကြားစာပေါင်း (၅၀)စောင်ရှိသည့်အနက် (၄၆)စောင်ကို တိုင်စာပေးပို့သူများထံ လိပ်စာအပြည့်အစုံဖော်ပြ၍ ပြန်ကြားပေးခဲ့ပြီးဖြစ်ပါသည်။ တိုင်စာ၊ အမှုတွဲများအနက် ကော်မတီမှဆက်လက်ဆောင်ရွက်ရန် မသင့်သောဝင်စာများအား မှတ်တမ်းအဖြစ် (၈၀)စောင်ထားရှိပြီး မိမိကော်မတီနှင့်မသက်ဆိုင်သည့် တိုင်စာ၊ အမှုတွဲများကိုလည်း သက်ဆိုင်ရာ

**မူကြမ်း**

ကော်မတီများသို့ (၂)စောင် လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ဆောင်ရွက်ရန် ကျန်ရှိသောအမှုတွဲ (၂၆) စောင်ကို အမြန်ဆုံးပြန်ကြားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ (တိုင်ကြားစာ ဆောင်ရွက်ထားရှိမှု အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် တင်ပြအပ်ပါသည်။)

**ဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်း**

၁၂။ ကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ (၄၇)ခုထဲမှ လောင်းကစားဥပဒေကို ကော်မတီမှ အသစ်ပြင်ဆင်ရေးဆွဲပြီး လွှတ်တော်သို့ စတင်တင်သွင်းနိုင်ရန်အတွက် ကော်မတီတွင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆)ကြိမ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်များသို့ အစည်းအဝေးများဖိတ်ကြား၍ ညှိနှိုင်းအစည်းအဝေး(၅)ကြိမ် စုစုပေါင်း(၁၁)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ယခုလက်ရှိ ၂၀၁၈ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၇ နည်းဥပဒေခွဲ (စ)တို့နှင့်အညီ ကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့တင်ပြဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ဆဲဖြစ်ပါသည်။

၁၃။ ကော်မတီသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံလင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ၊ တရားခံလွှဲပြောင်းရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းတို့ကိုပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများပြုလုပ်၍ ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြုလုပ်သောအစည်းအဝေးများသို့ တက်ရောက်၍ ပူးပေါင်းညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၁၄။ ကော်မတီအနေဖြင့် ပြည့်တန်ဆာဆိုင်ရာဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အရပ်ဘက်အဖွဲ့အစည်းတို့ဖြင့် အစည်းအဝေးများ(၂)ကြိမ် ပြုလုပ်ခဲ့ပြီး ကော်မတီတွင် ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ကော်မတီအစည်းအဝေးများကျင်းပဆောင်ရွက်မှု**

၁၅။ ကော်မတီသည် ၂၆.၂.၂၀၁၇ ရက်နေ့မှ ၂၆.၂.၂၀၁၈ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ကော်မတီတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂)ကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် (၁၁) ကြိမ်၊ ကော်မတီနှင့်သက်ဆိုင်သည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ကော်မတီဝင်များသည် ဥပဒေကြမ်းကော်မတီတွင် အစည်းအဝေး(၈)ကြိမ်နှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အစည်းအဝေး(၁၄)ကြိမ်၊ ပြည်တွင်း၊

ပြည်ပအဖွဲ့အစည်းများနှင့် ကြားနာမှု (၃)ကြိမ်၊ အမျိုးသားလွှတ်တော်တွင် ဘတ်ဂျက်စိစစ်ရေး ပူးပေါင်းအဖွဲ့(၁၅)ကြားနာစိစစ်သုံးသပ်မှု အစည်းအဝေး(၄)ကြိမ်၊ အစည်းအဝေးစုစုပေါင်း(၅၂)ကြိမ် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

## ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု

၁၆။ ကော်မတီသည် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းဖြစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အသင်း၏မူဝါဒလုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း (၁)ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့် WFD မှစီစဉ်၍ အင်္ဂလန်နိုင်ငံ၊ အထက်လွှတ်တော်အမတ် Lord Malcolm Bruce နှင့် တွေ့ဆုံဆွေးနွေးခြင်း(၂)ကြိမ်ပြုလုပ်ခဲ့ပါသည်။

## လွှတ်တော်တွင်းမေးခွန်းနှင့်အဆိုများမေးမြန်းတင်သွင်းဆောင်ရွက်မှု

၁၇။ ကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း(၂၅)ခုနှင့် အဆိုဆွေးနွေးမှု(၂၇)ခုကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

## ပြည်ပခရီးသွားရောက်မှု

၁၈။ ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ကော်မတီအဖွဲ့ဝင် ဒေါက်တာဦးလင်းလင်းကျော်သည် ကမ္ဘောဒီးယားနိုင်ငံသို့ ၁.၃.၂၀၁၇ ရက်နေ့မှ ၂.၃.၂၀၁၇ ရက်နေ့အထိလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးမင်းကြည်သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ သို့ ၂၁.၆.၂၀၁၇ ရက်နေ့မှ ၂၃.၆.၂၀၁၇ ရက်နေ့အထိလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးလွင်ကိုလတ်သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့သို့ ၁၇.၇.၂၀၁၇ ရက်နေ့မှ ၂၀.၇.၂၀၁၇ ရက်နေ့အထိလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဦးတင့်စိုးသည် အိန္ဒိယနိုင်ငံသို့ ၃၀.၇.၂၀၁၇ ရက်နေ့မှ ၁၁.၈.၂၀၁၇ ရက်နေ့အထိလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဒေါ်ပြုံးသည် ဗီယက်နမ်နိုင်ငံသို့ ၂.၁၀.၂၀၁၇ ရက်နေ့မှ ၆.၁၀.၂၀၁၇ ရက်နေ့အထိလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒေါ်ဇင်မာအောင်သည် ကိုလံဘီယာနိုင်ငံသို့ ၂၇.၁၀.၂၀၁၇ ရက်နေ့မှ ၅.၁၁.၂၀၁၇ ရက်နေ့အထိလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒေါ်ခင်သန်းနုသည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့သို့ ၇.၂.၂၀၁၈ ရက်နေ့ မှ ၈.၂.၂၀၁၈ ရက်နေ့အထိလည်းကောင်း စုစုပေါင်း(၇)ကြိမ်သွားရောက်ခဲ့ပါသည်။

## ပြင်ပဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းတက်ရောက်မှု

၁၉။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ တက်ရောက်ခဲ့သော လွှတ်တော်ပြင်ပဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများအနေဖြင့် ကော်မတီဥက္ကဋ္ဌ (၆) ကြိမ်၊ အတွင်းရေးမှူး (၁၁) ကြိမ်၊ ကော်မတီအဖွဲ့ဝင်(၁၃)ဦးသည် (၃၈)ကြိမ် စုစုပေါင်း(၅၅)ကြိမ် တက်ရောက်ခဲ့ပါသည်။

## ကော်မတီကတာဝန်ယူ စောင့်ကြည့်ထိန်းညှိရမည့်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ

၂၀။ ကော်မတီက တာဝန်ယူစောင့်ကြည့်ထိန်းညှိရမည့် ဝန်ကြီးဌာနများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ဖြစ်ပါသည်။

**မူကြမ်း**

## ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများ

၂၁။ ကော်မတီက တာဝန်ယူဆောင်ရွက်ရမည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ဥပဒေ (၄၇) ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်သည့်ဥပဒေ(၁၅)ခု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ဥပဒေ(၅)ခု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သက်ဆိုင်သည့်ဥပဒေ(၁)ခု စုစုပေါင်းဥပဒေ(၆၈)ခုရှိပါသည်။ (ဥပဒေစာရင်းများကို နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြအပ်ပါသည်။)

## ကော်မတီရုံးအဖွဲ့၏အထောက်အကူပြုနိုင်မှု

၂၂။ ကော်မတီရုံးအဖွဲ့၏ လက်ရှိဝန်ထမ်းအင်အားမှာ အရာထမ်း(၂)ဦး၊ အမှုထမ်း(၆)ဦး၊ စုစုပေါင်း ဝန်ထမ်း(၈)ဦးဖြင့် ကော်မတီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂၃။ ကော်မတီရုံးအဖွဲ့သည် အစည်းအဝေးများ စီစဉ်ခြင်း၊ ဧည့်သည်များဖိတ်ကြားခြင်း၊ ဥပဒေများ၊ နည်းဥပဒေများ၊ အထောက်အကူပြု စာရွက်စာတမ်းများဖြန့်ဝေခြင်း၊ အစည်းအဝေးမှတ်တမ်းများ ရေးသားခြင်း၊ ကော်မတီစာတမ်းတိုများ ပြုစုရေးသားပေးခြင်း၊ တိုင်ကြားစာ၊ တင်ပြစာ၊ ဖိတ်ကြားစာများ လက်ခံဆောင်ရွက်ပေးခြင်း၊ အစီရင်ခံစာ၊ တင်ပြစာ၊ ပြန်ကြားစာများ တင်ပြပေးပို့နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အကြံဉာဏ်များပေးခြင်း၊ ကော်မတီ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီရုံးဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုများသည် ကော်မတီအတွက်များစွာ အထောက်အကူဖြစ်စေသည့်အတွက် ကော်မတီဝင်များအနေဖြင့် အသိအမှတ်ပြုအပ်ပါသည်။

## သုံးသပ်ချက်

၂၄။ ကော်မတီအနေဖြင့် လက်ခံရရှိသောတိုင်ကြားစာ အချို့နှင့်ပတ်သက်၍ လိုအပ်သည့်ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ကွင်းဆင်းရန်လိုအပ်သည့်ကိစ္စရပ်များအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရယူ၍ ကွင်းဆင်းလေ့လာ ကြားနာခြင်းအားဖြင့် သက်ဆိုင်ရာဌာနများအပေါ် သဘောထား မှတ်ချက်များပြုရာတွင် ပိုမိုထိရောက်ပြီး ပြည်သူများ၏ ယုံကြည်မှု ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။

၂၅။ ကော်မတီအနေဖြင့် ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများ ပြုလုပ်ရာတွင် သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ဥပဒေသက်ရောက်မှုနယ်ပယ်၏ အဓိကဆက်စပ်သက်ဆိုင်သည့် ပြည်သူလူထု သို့မဟုတ် ပြည်သူလူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံကြားနာခြင်းများ ပြုလုပ်ရာတွင် အခက်အခဲများ၊ လိုအပ်ချက်များရှိနေသေးကြောင်း သုံးသပ်ရပါသည်။

၂၆။ အဆိုပါ လိုအပ်ချက်များ၊ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်နိုင်မှသာ ပြည်သူ့အသံ လွှတ်တော်အသံဟူသည့် ဆောင်ပုဒ်ပါအတိုင်း ဥပဒေပြုရေးမဏ္ဍိုင်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်

ပြည်သူ့အသံနှင့်အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**နိဂုံး**

၂၇။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဥပဒေများကို ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်စောင့်ကြည့်ထိန်းညှိခြင်း၊ ပြည်သူ့ဗဟို ပြုအရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံကြားနာမှုများပြုလုပ်ခြင်းတို့အပြင် ပြည်သူတို့၏တိုင်ကြားစာ နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်ဆောင်ရွက်၍ ပြန်ကြားလာသည့်စာများကို တိုင်ကြားသူထံသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါ သည်။

၂၈။ ကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်မှ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသို့ ပြည်နယ်/တိုင်းအလိုက် တင်ပြစာများရောက်ရှိမှုအခြေအနေ**

**( ၂၆.၂.၂၀၁၇ ရက်နေ့မှ ၂၆.၂.၂၀၁၈ ရက်နေ့အထိ )**

| စဉ် | ပြည်နယ်/တိုင်း | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင် ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | - | - | - | ၁ | - | - | - | - | ၁ | - | - | - | ၂ | | ၄ |
| ၂။ | ကယားပြည်နယ် | - | - | - | - | - | - | - | - | - | - | - | - | - | | - |
| ၃။ | ကရင်ပြည်နယ် | - | - | - | - | - | - | - | - | - | - | - | - | - | | - |
| ၄။ | ချင်းပြည်နယ် | - | - | - | - | - | - | - | - | - | - | - | - | - | | - |
| ၅။ | မွန်ပြည်နယ် | - | - | ၂ | - | ၃ | ၁ | ၃ | ၄ | ၁ | - | ၂ | ၁ | ၂ | ၄ | ၂၃ |
| ၆။ | ရခိုင်ပြည်နယ် | - | - | ၆ | ၁ | ၄ | ၄ | - | ၁ | - | ၂ | - | - | - | ၂ | ၂၀ |
| ၇။ | ရှမ်းပြည်နယ် | - | - | - | - | - | - | ၁ | - | - | - | ၁ | - | - | - | ၂ |
| ၈။ | စစ်ကိုင်းတိုင်း | - | - | ၁ | ၁ | ၁ | ၃ | ၁ | - | - | ၃ | ၄ | - | ၂ | - | ၁၆ |
| ၉။ | ပဲခူးတိုင်း | - | - | ၂ | - | ၁ | ၂ | - | ၁ | ၁ | ၁ | ၁ | - | ၂ | ၁ | ၁၂ |
| ၁၀။ | မကွေးတိုင်း | - | - | ၁ | - | ၁ | ၁ | - | ၄ | - | ၁ | - | - | - | - | ၈ |
| ၁၁။ | မန္တလေးတိုင်း | - | - | ၂ | ၂ | ၂ | ၂ | ၃ | ၆ | ၄ | ၄ | ၃ | ၂ | ၅ | ၄ | ၃၉ |
| ၁၂။ | ရန်ကုန်တိုင်း | - | - | ၄ | ၃ | ၂ | ၅ | ၅ | ၃ | ၇ | - | ၂ | - | ၄ | ၄ | ၃၉ |
| ၁၃။ | တနင်္သာရီတိုင်း | - | - | - | - | - | - | - | - | - | - | ၁ | - | - | - | ၁ |
| ၁၄။ | ဧရာဝတီတိုင်း | - | - | - | - | ၂ | ၁ | - | - | - | ၁ | - | ၁ | - | ၁ | ၆ |
| | စုစုပေါင်း | - | - | ၁၈ | ၈ | ၁၆ | ၁၉ | ၁၃ | ၁၉ | ၁၄ | ၁၂ | ၁၄ | ၄ | ၁၇ | ၁၆ | ၁၇၀ |

**နောက်ဆက်တွဲ(က)**

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ တင်ပြစာများဆောင်ရွက်ထားရှိမှုအခြေအနေ

## (၂၆.၂.၂၀၁၇ ရက်နေ့မှ ၂၆.၂.၂၀၁၈ ရက်နေ့အထိ)

| စဉ် | တင်ပြစာများ | | | တင်ပြစာများသက်ဆိုင်ရာသို့ပေးပို့မှုအခြေအနေ | | | | | | | ပြီးစီးမှု စုစုပေါင်း | ဆောင်ရွက်ရန်မလို | ဆောင်ရွက်ရန်ကျန် | ပြန်ကြားစာ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင်နှစ်လက်ကျန်စာရင်း | ယခုနှစ် | စုစုပေါင်း | သက်ဆိုင်ရာဝန်ကြီးဌာန | လယ်ယာမြေဗဟို | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ရှေ့နေချုပ်ရုံး | ပြည်နယ်/တိုင်း | ကော်မတီလွှဲပြောင်း | တိုင်သူထံပြန်ပို့ | | | | ရရှိ | ဆောင်ရွက်ပြီး | လက်ကျန် |
| ၁။ | ၁၄ | ၁၇၀ | ၁၈၄ | ၂၇ | ၉ | ၁ | ၁ | ၃၆ | ၂ | ၂ | ၇၈ | ၈၀ | ၂၆ | ၅၀ | ၄၆ | ၄ |

နောက်ဆက်တွဲ (ခ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ယူစိစစ်ရမည့် ဥပဒေများစာရင်း

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၁။ | The Upper Myanmar Land and Revenue Regulation (Reg.3, 1889, Vol.III) | ပြည်ထဲရေး |
| ၂။ | The Revenue Recovery Act (India Act 1, 1890,Vol.III) | ။ |
| ၃။ | The State Grants Act (India Act 15, 1895,Vol.10) | ။ |
| ၄။ | The Unlawful Associations Act (India Act 4, 1908,Vol.II) | ။ |
| ၅။ | The Myanmar Passport Act (India Act 34, 1920 VoL.1) | ။ |
| ၆။ | The Myanmar Official Secrets Act (19/1923) | ။ |
| ၇။ | The Public Property Protection Act (83/1947) | ။ |
| ၈။ | The Public Order (Preservation) Act (Myanmar Act 16, 1947, Vol.II) | ။ |
| ၉။ | ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက် ဥပဒေ (ဥပဒေအမှတ် ၁၉/၁၉၅၁ ခုနှစ်၊ အတွဲ-၈) | ။ |
| ၁၀။ | ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ (ဥပဒေအမှတ် ၁/ ၁၉၆၃) | ။ |
| ၁၁။ | တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ (ဥပဒေအမှတ် ၃/၁၉၈၆) | ။ |

မူကြမ်း

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၁၂။ | လောင်းကစားဥပဒေ(ဥပဒေအမှတ် ၆၊ ၁၉၈၆ ခုနှစ်) | ,, |
| ၁၃။ | မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ (ဥပဒေ အမှတ် ၁၊ ၁၉၈၇ ခုနှစ်) | ,, |
| ၁၄။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ (နဝတဥပဒေအမှတ် -၄/၁၉၉၅) | ,, |
| ၁၅။ | ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင်နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေ (နယက ဥပဒေအမှတ် - ၄/ ၂၀၀၄) | ,, |
| ၁၆။ | လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (ဥပဒေအမှတ် - ၅/ ၂၀၀၅) | ,, |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၁၇။ | နိုင်ငံတော်အလံဥပဒေ (ဥပဒေအမှတ် - ၈/ ၂၀၁၀) | ပြည်ထဲရေး |
| ၁၈။ | နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ (ဥပဒေအမှတ် - ၉/ ၂၀၁၀) | ,, |
| ၁၉။ | နိုင်ငံတော်သီချင်းဥပဒေ(ဥပဒေအမှတ် - ၁၀/၂၀၁၀) | ,, |
| ၂၀။ | The District Cesses Act (India Act 2,1889,Vol.III) | ,, |
| ၂၁။ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၄၁/၂၀၁၆) | ,, |
| ၂၂။ | အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၃၁/၂၀၁၄) | ,, |
| ၂၃။ | ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၃၈/၂၀၁၆) | ,, |
| ၂၄။ | The Lower Myanmar Town and Village Land Act (India Act 4, 1898,Vol.X) | ,, |
| ၂၅။ | ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် | ,, |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| | ဥပဒေအမှတ် - ၁၂/ ၂၀၁၅) | |
| ၂၆။ | The Land and Revenue Act(India Act 2,1876,Vol.III) | ॥ |
| ၂၇။ | ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ (ဥပဒေ အမှတ် - ၁၂/၁၉၆၁) | ॥ |
| ၂၈။ | The Myanmar Excise Act (India Act 5, 1817,Vol.III) | ॥ |
| ၂၉။ | နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၅/၂၀၁၆) | ॥ |
| ၃၀။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် -၂၃/၂၀၁၄) | ॥ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၃၁။ | တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေး နှင့် ပစ္စည်းထိန်းချုပ်ရေးဥပဒေ (ဥပဒေအမှတ် - ၆/၂၀၀၂)<br>ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် -၁၁/၂၀၁၄) | ပြည်ထဲရေး |
| ၃၂။ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် -၁၁/၂၀၁၅) | ॥ |
| ၃၃။ | ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ (ဥပဒေအမှတ် - ၂၄/ ၁၉၄၉) | ॥ |
| ၃၄။ | The Land Acquisition Act (India Act 1, 1894,Vol.XI) | ॥ |
| ၃၅။ | အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေ (ဥပဒေအမှတ် - ၅၀/၁၉၅၁) | ॥ |
| ၃၆။ | ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ | ॥ |

**မူကြမ်း**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| | (ဥပဒေအမှတ် - ၈/၁၉၆၀) | |
| ၃၇။ | မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၆/ ၂၀၁၈) | ။ |
| ၃၈။ | The Myanmar Extradition Act (India Act 15, 1903, Vol. I)<br>တရားခံလွှဲပြောင်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၁၆/ ၂၀၁၇) | ။ |
| ၃၉။ | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၅/ ၂၀၁၇) | ။ |
| ၄၀။ | The Yangon Police Act (India Act 4, 1899,Vol.I) | ပြည်ထဲရေး(ဥပဒေ ၂ ခု ရုပ်သိမ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမည်ဖြင့် အသစ်ရေးဆွဲဆဲ) |
| ၄၁။ | The Police Act 1945 (6/1945) | |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၄၂။ | The Prisons Act (India Act 9, 1894,Vol.I) | ပြည်ထဲရေး (ရုပ်သိမ်းရန် အသစ်ရေးဆွဲဆဲ) |
| ၄၃။ | The Prisoners Act (India Act 3, 1900, Vol.I) | |
| ၄၄။ | The Identification of Prisoners Act<br>(India Act 33, 1920,Vol.I) | |
| ၄၅။ | လက်နက်(အရေးပေါ်ပြဋ္ဌာန်းချက်စီရင်မှု)(ယာယီ) အက်ဥပဒေ (ဥပဒေအမှတ် -၃၁/ ၁၉၄၉) | ပြည်ထဲရေး (လက်နက်ဥပဒေ (၃) ခုပေါင်း၍ အသစ်ရေးဆွဲရန် ဆောင်ရွက်ဆဲ) |
| ၄၆။ | The Arm (Temporary Amendment) Act (51/1951) | |
| ၄၇။ | The Arms Act (India Act II,1878,Vol.II) | |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၄၈။ | မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၅၀/၂၀၁၅) | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၄၉။ | တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၅၄/၂၀၁၅) | ॥ |
| ၅၀။ | The Caste Disabilities Removal Act<br>(India Act 21, 1850, Vol. XI) | ॥ |
| ၅၁။ | The Hindu Window's Re-marriage Act<br>(India Act 15, 1856, Vol. XI) | ॥ |
| ၅၂။ | The Myanmar Divorce Act<br>(India Act 4, 1869, Vol. XI)<br>မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၄/၂၀၁၇) | ॥ |
| ၅၃။ | The Special Marriage Act (India Act 3, 1872, Vol. XI)<br>အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၁/ ၂၀၁၇) | ॥ |
| ၅၄။ | The Christian Marriage Act (India Act 15, 1872, Vol. XI) ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၅/ ၂၀၁၇) | ॥ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၅၅။ | The Married Women's Property Act (India Act 3, 1874, Vol. XI) | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၅၆။ | The Anand Marriage Act (India Act 7, 1909, Vol. XI) | ॥ |
| ၅၇။ | The Hindu Disposition of Property Act (India Act 15, 1916, Vol. XI) | ॥ |

**မူကြမ်း**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၅၈။ | The Hindu Inheritance (Removal of Disabilities) Act (India Act 12, 1928, Vol. XI) | ။ |
| ၅၉။ | The Hindu Law of Inheritance Amendment Act (India Act 2, 1929, Vol. XI) | ။ |
| ၆၀။ | The Hindu Gains of Learning Act (India Act 30,1930, Vol. XI) | ။ |
| ၆၁။ | The Parsi Marriage and Divorce Act (India Act 3, 1936, Vol. XI) | ။ |
| ၆၂။ | မူဆလင် လင်မယားကွာရှင်းရေးအက်ဥပဒေ (ဥပဒေအမှတ် - ၁၄၊ ၁၉၅၃ ခုနှစ်၊ အတွဲ-၁၁) | ။ |
| ၆၃။ | ကလေးသူငယ်ဥပဒေ (နဝတဥပဒေအမှတ် - ၉/၁၉၉၃) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး |
| ၆၄။ | မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၃၀/၂၀၁၅) | ။ |
| ၆၅။ | ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၁၃/၂၀၁၈) | ။ |
| ၆၆။ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၁/၂၀၁၃) | ။ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၆၇။ | သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် -၄၄/၂၀၁၆) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် |

**မူကြမ်း**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| | | ပြန်လည်နေရာချထားရေး |
| ၆၈။ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၀/၂၀၁၈) | အဂတိကော်မရှင် |

**မူကြမ်း**

**အစီရင်ခံစာအား အတည်ပြုခြင်း**

အထက်ပါအစီရင်ခံစာအား (၂၁-၈-၂၀၁၈) ရက်၊ အင်္ဂါနေ့၊ (၁၃:၀၀)နာရီ အချိန်၊ အိုင်-၂ အဆောင်တွင်ကျင်းပသော ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးတွင် အတည်ပြုကြောင်း ကော်မတီဝင်များမှ အောက်တွင်လက်မှတ်ရေးထိုးပါသည် -

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာဦးအောင်ထွန်းခိုင် (ခ) ဦးချိန်ဝင်း | ရေးမဲဆန္ဒနယ် | ဥက္ကဋ္ဌ ------------------ |
| (၂) | ဦးဌေးလွင် (ခ) ဦးဒီလုံး | နမ့်စန်မဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၃) | ဦးအောင်ကျော်ဇံ | ပေါက်တောမဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၄) | ဦးဝင်းနိုင် | မိုးကောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၅) | ဦးပေါလ်ဆိုင်း | ဒီးမော့ဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် ----------------- |
| (၆) | ဒေါ်ဇင်မာအောင် | ရန်ကင်းမဲဆန္ဒနယ် | အဖွဲ့ဝင် ----------------- |
| (၇) | ဒေါက်တာဒေါ်ပြုံး | အင်းတော်မဲဆန္ဒနယ် | အဖွဲ့ဝင် ----------------- |
| (၈) | ဒေါ်ခင်သန်းနု | မင်းတုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၉) | ဒေါက်တာဦးလင်းလင်းကျော် | မြစ်သားမဲဆန္ဒနယ် | အဖွဲ့ဝင် ----------------- |
| (၁၀) | ဦးမင်းသိန်း | ငါန်းဇွန်မဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၁၁) | ဦးမင်းကြည် | သံတွဲမဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၁၂) | ဦးလွင်ကိုလတ် | သန်လျင်မဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၁၃) | ဒေါက်တာဦးထွန်းလင်းမော် | ကြံခင်းမဲဆန္ဒနယ် | အဖွဲ့ဝင် ---------------- |
| (၁၄) | ဗိုလ်မှူးကြီးစိုးဝင်း | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် ----------------- |
| (၁၅) | ဦးမင်းသိုင်း | ဘိုကလေးမဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၁၆) | ဦးဝင်းဆွေ | မော်လမြိုင်ကျွန်း မဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၁၇) | ဦးအောင်သန်း | သဲကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် ------------------ |
| (၁၈) | ဦးတင့်စိုး | ဖားကန့်မဲဆန္ဒနယ် | အတွင်းရေးမှူး--------------- |

**မူကြမ်း**

## ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၆-၁၂-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့(၂၇-၁၁-၂၀၁၈ ရက်နေ့)က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန်ဖိတ်ခေါ်အပ်ပါတယ်။

**ဦးရဲလွင်(အဖွဲ့ဝင်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ၂၇-၁၁-၂၀၁၈ ရက်နေ့(အင်္ဂါနေ့)မှာ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်မှ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်မှ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဆောက်လုပ်ရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်ဂျင်နီယာ ဆိုင်ရာလုပ်ငန်းများမှာ လုပ်ကိုင်နေကြတဲ့ အင်ဂျင်နီယာများရဲ့ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည် အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇၊ ၂၈-၁၁-၂၀၁၃ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်း ပေးခဲ့ပါတယ်။ အဆိုပါဥပဒေနှင့်အညီ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများတွင် ပညာရပ်ဆိုင်ရာ စံချိန် စံညွှန်းများ ပြည့်မီရေး၊ နည်းစနစ်မှန်ကန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စည်းကမ်းစနစ် ကျနစေရေးစသည်တို့ကို လမ်းညွှန်ကြီးကြပ်ပေးခြင်းရန်နှင့် လိုအပ်သောအရေးယူမှုများကို ပြုလုပ် နိုင်ရန်အတွက် တာဝန်ခံဝန်ကြီးဌာနဖြစ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ရဲ့ သဘောတူညီချက်နှင့် ဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားတဲ့ နာယက အဖွဲ့တို့က ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ရွေးချယ်တင်မြှောက်ခြင်းနည်းလမ်းနဲ့ စတင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေအရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို လေးနှစ်တစ်ကြိမ် ပြန်လည်ဖွဲ့စည်းရမှာဖြစ်ရာ ၎င်းကဲ့သို့ဖွဲ့စည်းရာတွင် ကောင်စီဝင်များကို ရွေးချယ်တင်မြှောက်မည့် အစား ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဒီမိုကရေစီနည်းလမ်းကျကျ ရွေးကောက်တင်မြှောက် ခြင်းနည်းလမ်းဖြင့် ဖွဲ့စည်းခြင်းက ပိုမိုသင့်လျော်ကောင်းမွန်ကြောင်း သုံးသပ်တွေ့ရှိရပါသဖြင့် မြန်မာ နိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်အဆိုကို ပြင်ဆင်ပြဋ္ဌာန်းရန်လိုအပ်လာခြင်းဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင် တဲ့ ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ရည်ရွယ်ချက်များကတော့ ဥပဒေနှင့်အညီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို လေးနှစ်တစ်ကြိမ် ပြန်လည်ဖွဲ့စည်းရေးအတွက် အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံကို ခေါ်ယူကျင်းပနိုင်ရန်။ အမျိုးသား အဆင့်မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံ တက်ရောက်လာသူများက ကောင်စီဝင်အသစ် ၄၀ ဦးကို ဒီမိုကရေစီစံချိန်စံနှုန်းများနှင့်အညီ လွတ်လပ်သောဆန္ဒမဲပေးခြင်းစနစ်ဖြင့် ရွေးကောက်တင်

မြှောက်နိုင်ရန်။ ကောင်စီအသစ်တာဝန်လွှဲပြောင်းထမ်းဆောင်ရာတွင် လုပ်ငန်းအစဉ်အဆက် မပြတ်စေရေးအတွက် ကောင်စီဝင်ဟောင်းများထဲမှ ၂ဝ ဦးကို သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ငါးဦးစီဖြင့် ရွေးချယ်တင်မြှောက်နိုင်ရန်။ အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံက နာယက၏ကြီးကြပ်မှုဖြင့် စနစ်တကျ ရွေးချယ်တင်မြှောက်ထားသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို တာဝန်ခံဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ဖွဲ့စည်းပေးနိုင်ရန်။ ကောင်စီအနေဖြင့် နည်းဥပဒေများကို အခါအားလျော်စွာပြန်လည်သုံးသပ်ရန်နှင့် ခေတ်စနစ်ပြောင်းလဲမှု၊ တိုးတက်မှုများနှင့်အညီ လိုအပ်ပါက ပြင်ဆင်နိုင်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနသို့ အဆိုပြုတင်ပြဆောင်ရွက်သွားနိုင်ရန်တို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းရာတွင် အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များညီလာခံကို ဦးစွာခေါ်ယူကျင်းပပြီး နာယကဖွဲ့ရဲ့ ကြီးကြပ်မှုဖြင့် ကောင်စီဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ကို နည်းစနစ်တကျ ရွေးချယ်တင်မြှောက်၍ နာယကအဖွဲ့မှ ပေးပို့လာသော အမည်စာရင်းဖြင့် တာဝန်ခံဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ဖွဲ့စည်းကာ လက်ရှိဆောင်ရွက်လျက်ရှိသော ကောင်စီမှ ပြန်လည်ဖွဲ့စည်းမည့် ကောင်စီအသစ်သို့ စနစ်တကျ တာဝန်လွှဲပြောင်းပေးရေးနှင့် နည်းဥပဒေများကို ကောင်စီက အခါအားလျော်စွာသုံးသပ်ပြီး လိုအပ်ပါက ပြင်ဆင်နိုင်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနသို့ အဆိုပြုတင်ပြရန်စသည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်ထည့်သွင်း၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးပါထန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်။

**မူကြမ်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၃၈၉

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၅-၉-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၃၄၂)/ပထစ-၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) ဥပဒေနှင့်အညီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို (၄)နှစ်တစ်ကြိမ် ပြန်လည်ဖွဲ့စည်းရေးအတွက် အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်ညီလာခံကို ခေါ်ယူကျင်းပနိုင်ရန်၊

(ခ) အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံတက်ရောက်လာသူများက ကောင်စီဝင်သစ် (၄၀)ဦးကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်သောဆန္ဒမဲပေးခြင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်နိုင်ရန်၊

(ဂ) ကောင်စီသစ်တာဝန်လွှဲပြောင်းထမ်းဆောင်ရာတွင် လုပ်ငန်းစဉ်ဆက်မပြတ်စေရေးအတွက် ကောင်စီဝင်ဟောင်းများထဲမှ (၂၀)ဦးကို သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် (၅)ဦးစီဖြင့် ရွေးချယ်တင်မြှောက်နိုင်ရန်၊

**မူကြမ်း**

(ဃ) အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အင်ဂျင်နီယာညီလာခံက နာယက အဖွဲ့၏ ကြီးကြပ်မှုဖြင့် စနစ်တကျရွေးကောက်/ရွေးချယ်တင်မြှောက်ထားသော မြန်မာ နိုင်ငံအင်ဂျင်နီယာကောင်စီနဲ့ အလုပ်အမှုဆောင်အဖွဲ့တို့ကို တာဝန်ခံဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းပေးနိုင်ရန်၊

(င) ကောင်စီအနေဖြင့် နည်းဥပဒေကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ရန်နှင့် ခေတ်စနစ်ပြောင်းလဲမှု၊ တိုးတက်မှုများနှင့်အညီ လိုအပ်ပါက ပြင်ဆင်နိုင်ရေး တာဝန်ခံ ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြဆောင်ရွက်သွားနိုင်ရန်၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၄-၁၁-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမယ့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီးမှ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါ၍ အချိန်ကို ငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်နဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ နို ဝင် ဘာ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၅-၉-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၄၂)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးက ပေးပို့သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက် ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဥပဒေနှင့်အညီ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို (၄)နှစ် တစ်ကြိမ်ပြန်လည် ဖွဲ့စည်းရေးအတွက် အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်ညီလာခံကို ခေါ်ယူ ကျင်းပနိုင်ရန်၊

(ခ) အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံတက်ရောက်လာသူများက ကောင်စီဝင်သစ် (၄၀)ဦးကို ဒီမိုကရေစီ စံနှုန်းများနှင့်အညီ လွတ်လပ်သော ဆန္ဒမဲပေးခြင်းစနစ်ဖြင့် ရွေးကောက် တင်မြှောက်နိုင်ရန်၊

**မူကြမ်း**

(ဂ) ကောင်စီအသစ် တာဝန်လွှဲပြောင်း ထမ်းဆောင်ရာတွင် လုပ်ငန်းစဉ်ဆက်မပြတ်စေရေး အတွက် ကောင်စီဝင်ဟောင်းများထဲမှ (၂၀)ဦးကို သက်ဆိုင်ရာလုပ်ငန်း နယ်ပယ် အလိုက် (၅)ဦးစီဖြင့် ရွေးချယ် တင်မြှောက်နိုင်ရန်၊

(ဃ) အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံက နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် စနစ်တကျ ရွေးကောက်/ရွေးချယ် တင်မြှောက်ထားသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို တာဝန်ခံဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန် ဖွဲ့စည်းပေးနိုင်ရန်၊

(င) ကောင်စီအနေဖြင့် နည်းဥပဒေများကို အခါအားလျော်စွာ ပြန်လည် သုံးသပ်ရန်နှင့် ခေတ်စနစ် ပြောင်းလဲမှု၊ တိုးတက်မှုများနှင့်အညီ လိုအပ်ပါက ပြင်ဆင်နိုင်ရေး တာဝန်ခံဝန်ကြီးဌာနသို့ အဆိုပြု တင်ပြဆောင်ရွက်သွားနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ၁၄-၁၁-၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ် ရေးဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပြင်ဆင်သည့် အပိုဒ်ပေါင်း ၅ ပိုဒ်ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

**မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈)**

**( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**( ၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

( ဂ) အပိုဒ် ၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

ဤဥပဒေကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ **(၂၀၁၈)** ဟု ခေါ်တွင်စေရမည်။

(ဃ) အပိုဒ် ၂ ရှိ ပုဒ်မ ၅ ပုဒ်မခွဲ (ခ) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

( ခ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါမှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များအနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ တင်မြှောက်ရမည်-

(င) အပိုဒ် ၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၃။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဂ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၂၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့က ကြီးကြပ်ပြီး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက် တင်မြှောက်ရမည် -

(၁) အစိုးရ မဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များ၊

(၂) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။

(စ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂ ရှိ ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) နှင့်(ဃ)တို့ကို ပယ်ဖျက်ပါသည်။

( ဆ) အပိုဒ် ၂ ရှိ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ) တို့ကို အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆။ ကောင်စီဝင်များသည် နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦး ၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဘက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ အလုပ်အမှုဆောင်အဖွဲ့ရှစ်ဦး၊ စုစုပေါင်း ၁၅ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက် ရမည်။

( ဇ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄ ကို အပိုဒ် ၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ် ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ)၏ နောက်တွင် ဖြည့်စွက်မည့် ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ ပြောင်းလဲလာသော အခြေအနေများနှင့်အညီ လိုအပ်ပါက ပြင်ဆင်နိုင်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနသို့ အဆိုပြု တင်ပြခြင်း။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါ သည်။

**မူကြမ်း**

**ဆောက်လုပ်ရေးဝန်ကြီးက တင်သွင်းသည့်မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၇-၁၂-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၄၅ နာရီအချိန် တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ (၅.၁၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Kyi Min    U Sai Ngaung Sai Hein



U Kyi Min    U Min Thein



Dr Myo Thein Gyi    U Myo Nyunt



Dr Myo Thein Gyi    Dr Than Aung Soe



Dr Myo Thein Gyi    U Bo Gyi



Dr Myo Thein Gyi    Dr Khin Si Thu

pyithu.hluttaw.mm



Dr Myo Thein Gyi



U Khin Maung Latt

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်